ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ ဦးတန်ခူးလကွယ်၊ စနေနေ့၊ (7-5-2005) (၄၅၈၈)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

ရန်ကုန် မေ ၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာလီဂျူဟွမ်းသည် ယနေ့နံနက် ၁၀ နာရီတွင် ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်သို့သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးကျော်သူနှင့် ဦးမောင်မြင့်၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် သင်တန်းများ ဇွန် ၁ ရက်တွင် စတင်ဖွင့်လှစ်မည်

ရန်ကုန် မေ ၆

၂၀၀၅-၂၀၀၆ ခု ပညာသင်နှစ်အတွက် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၌ နှစ်စဉ်ပုံမှန်သင်တန်းများဖြစ်သော ပညာရေးဘွဲ့(ဘီအီးဒီ) လေးနှစ်သင်တန်းများ၊ အလယ်တန်းဆရာအတတ်သင် တစ်နှစ်သင်တန်း၊ ပညာရေးဘွဲ့(ဘီအီးဒီ) တစ်နှစ်သင်တန်း၊ ပညာရေးဘွဲ့(ဘီအီးဒီ) ပေါင်းကူး နှစ်နှစ်သင်တန်းနှင့် ဆရာအတတ်ပညာဒီပလိုမာ တစ်နှစ်သင်တန်းတို့ကို ၂၀၀၅ခုနှစ် ဇွန် ၁ ရက် (ဗုဒ္ဓဟူးနေ့)တွင် စတင်ဖွင့်လှစ်မည်ဖြစ်ရာ သင်တန်းအသီးသီးသို့ တက်ရောက်ကြမည့် သင်တန်းသား၊ သင်တန်းသူများသည် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်သို့ မေလနောက်ဆုံးပတ်အတွင်း ရောက်ရှိသတင်းပို့ကြရန် ပြည်နယ်၊ တိုင်းအသီးသီးသို့ နှိုးဆော်အကြောင်းကြားပြီးဖြစ်သည်။ (သတင်းစဉ်)

လက်ခံတွေ့ဆုံ

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီဂျူဟွမ်းအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံစဉ်။ (အပေါ်ပုံ) (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၇–၅–၂၀၀၅
(စနေနေ့)

နိုင်ငံတော်၏ အင်အားစုအဖြစ် ခိုင်ခိုင်မာမာရပ်တည် ပြည်သူ့အကျိုးစီးပွား ထာဝရသယ်ပိုး

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (၁၅)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို မေလ ၃ ရက်နေ့မှ ၄ ရက်နေ့အထိ တောင်ဥက္ကလာပမြို့နယ်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ အသင်းကြီးသည် နိုင်ငံတစ်ဝန်းလုံးရှိ မိခင်များ၊ ကလေးများနှင့် မိသားစုဝင်များ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်အသွယ်သွယ်ကို နိုင်ငံတော်၏ဦးဆောင်မှု၊ ဌာနဆိုင်ရာများ၏ တာဝန်ခံဆောင်ရွက်ပေးမှုအပေါ်တွင် စနစ်တကျ ပံ့ပိုးကူညီပေးနေသည့် စေတနာ့ဝန်ထမ်း အဖွဲ့အစည်းဖြစ်သည်။

ယခုအခါ အသင်းကြီးအနေဖြင့် အသင်းဝင်အင်အား ၄ ဒသမ ၃၈ သန်းကျော်ကို စည်းရုံးစုစည်းထားနိုင်ပြီဖြစ်သည်။ ထို့အပြင် ပြည်သူလူထု အခြေပြုဒေသများဖြစ်သော ရပ်ကွက်၊ ကျေးရွာ၊ တပ်ရင်း၊ တပ်ဖွဲ့၊ စက်ရုံ၊ အလုပ်ရုံများအထိ ဖြန့်ကြက်ပြီး အသင်းပေါင်း ၃၂၄ သင်း၊ အသင်းခွဲပေါင်း ၁၅၁၇၂ သင်းအထိ ဖွဲ့စည်းပေးနိုင်ခဲ့သည်ကို တွေ့ရသည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကြီးအနေဖြင့် ပညာရေးဆိုင်ရာစောင့်ရှောက်ရေးအဖွဲ့၊ ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်ရေးအဖွဲ့၊ စီးပွားရေးဆိုင်ရာစောင့်ရှောက်ရေးအဖွဲ့နှင့် လူမှုရေးဆိုင်ရာ စောင့်ရှောက်ရေးအဖွဲ့များကိုဖွဲ့စည်းပြီး မိခင်နှင့်ကလေးများ၏ ကျန်းမာကြံ့ခိုင်ရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေး၊ မိသားစုဘဝ လုံခြုံရေးစသည့် လူမှုရေး ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများကို ထိရောက်အောင်မြင်စွာ ဖော်ဆောင်ပေးနေပေသည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၁၅)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးတွင် သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းအလိုက် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့များက လေ့လာချက်စာတမ်းများ ဖတ်ကြားတင်သွင်းကြသည့်အပြင် မိခင်နှင့်ကလေးစောင့်ရှောက်မှုများနှင့် စပ်လျဉ်း၍ အကြံပြု ဆွေးနွေးခဲ့ကြသည်ကို တွေ့ရသည်။

အဆိုပါ အစည်းအဝေးကြီးတွင် ပြည်ပြေး ရှမ်းစော်ဘွားအနွယ်များက ပြည်ပအားကိုးဖြင့် ပြည်ထောင်စုကြီး ပြိုကွဲစေရန်၊ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအား အန္တရာယ် ဖြစ်ပေါ်စေရန်ရည်ရွယ်ချက်ရှိရှိဖြင့် လုပ်ဆောင်လာသော ပြည်ပြေးအဖျက်သမားများ၏ လုပ်ရပ်ကို ပြင်းထန်စွာ ဆန့်ကျင်ရှုတ်ချကြောင်း ဆွေးနွေးခဲ့ကြသည်။

အလားတူ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ အဖွဲ့ (ILO) အနေဖြင့် မြန်မာတို့၏ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများကိုသိရှိနားလည်သဘောပေါက်ခြင်းမရှိဘဲ စုပေါင်းလမ်းဖောက်ခြင်း၊ စုပေါင်းတံတားဆောက်ခြင်းစသည်တို့ကို အဓမ္မခိုင်းစေသည်ဟု တစ်ဖက်သတ်စွပ်စွဲကာ မြန်မာနိုင်ငံအပေါ် ထိခိုက်နစ်နာအောင်၊ ဂုဏ်သိက္ခာညှိုးနွမ်းအောင် လုပ်ဆောင်နေမှုများကိုလည်း ရှုတ်ချကြောင်း ဆွေးနွေးခဲ့သည်ကို တွေ့ရသည်။

ထို့အပြင် EU နှင့် အနောက်နိုင်ငံအချို့က မြန်မာနိုင်ငံအပေါ် စီးပွားရေးအရ ပိတ်ဆို့မှုများပြုလုပ်ခဲ့၍ အထည်အလိပ်လုပ်ငန်းမှ စက်ရုံပေါင်း ၁၆၀ ကျော် ပိတ်ခဲ့ရပြီး စက်ရုံ ၄၀ ၌လည်း လုပ်သားအင်အားများ လျှော့ချခဲ့ရရာ မိခင်များ၊ အမျိုးသမီးများအပါအဝင် အလုပ်လုပ်သူ ရှစ်သောင်းကျော် အလုပ်လက်မဲ့ဖြစ်ခဲ့ရသည့်အပြင် မိသားစု လေးသိန်းကျော် လူနေမှုဘဝ ထိခိုက်ခဲ့ရခြင်းများအတွက် ယင်းတို့၏ လုပ်ရပ်များကို အသင်းကြီးက ပြင်းထန်စွာ ဆန့်ကျင်ရှုတ်ချခဲ့ပေသည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကြီးသည် နိုင်ငံတော်က အားထားရသော လူမှုရေးအသင်း ဖြစ်သည်နှင့်အညီ ခိုင်မာသော အမျိုးသားရေး စွမ်းအားစုအဖြစ် ဖြူစင်သော မေတ္တာစေတနာ၊ ကိုယ်ကျိုးမဖက်သော စွမ်းဆောင်မှုများဖြင့် မိခင်နှင့်ကလေးစောင့်ရှောက်မှု လုပ်ငန်းများကို အစဉ်တစိုက် ဖော်ဆောင်သွားနိုင်ကြမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီးအနေဖြင့် နိုင်ငံတော်၏ အင်အားစုတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ပြီး (၁၅)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးမှ ချမှတ်လိုက်သော ရှေ့လုပ်ငန်းစဉ်များနှင့်အညီ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွားကို ထာဝရသယ်ပိုး ကြိုးပမ်းဆောင်ရွက်သွားနိုင်ကြမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူးဗိုလ်ချုပ်သာအေး ကလေးစက်မှုဇုန်နှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၆

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဧပြီ ၂၉ ရက် နံနက်ပိုင်းက ကလေးမြို့ ကလေးစက်မှုဇုန်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးသည် ကလေး–ဟံသာဝတီ–ဂန့်ဂေါလမ်းတစ်လျှောက် လမ်းပြုပြင် ဆောင်ရွက်နေမှုနှင့် လမ်းဘေးဝဲယာ နွေစပါးများအောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီ ကလေးမြို့နယ် ကျော်ရွာရှိ ဓမ္မဝတီ ကျောင်းတိုက်ဆရာတော်အား ဖူးမြော်ကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် တိုင်းမှူးသည် မြောက်ခင်ရမ်း၌ မြေလွတ်မြေရိုင်းဧက ၅၀၀၀ ဖော်ထုတ်မည့်မြေနေရာသို့ လည်းကောင်း၊ တောင်ခင်ရမ်းစိုက်ကွင်း၌ စပါးစိုက်ပျိုးထုတ်လုပ်မှုနှင့် ကျွဲနွားမွေးမြူရေးလုပ်ငန်းဆောင်ရွက်မှု အခြေအနေကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိ သူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အကျိုးပြု

ထိုမှတစ်ဆင့်တိုင်းမှူးသည်ကလေးမြို့နတ်ချောင်းကျေးရွာကိုယ့်အားကိုယ်ကိုး ဝါးခုတ်ကြီး ရေသွယ်မြောင်းနှင့် ရေလွှဲဆည်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြား ညှိနှိုင်းဆောင်ရွက်ပေးသည်။ ဝါးခုတ်ကြီး ရေသွယ်မြောင်းမှာ အရှည် ပေ ၁၀၅၀၀ ရှိပြီး အကျိုးပြုဧက ၃၀၀၀ ကျော်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် တိုင်းမှူးသည် ကလေးမြို့နယ် ကလေး–ဂန့်ဂေါကားလမ်း ကမ္ဘာ့နီတံတားအထက် ၂ ဒသမ ၅ မိုင်ခန့်အကွာတွင် တည်ရှိသည့် မဏိပူရ ရေလှောင်တမံသို့ သွားရောက်ကြည့်ရှုစစ်ဆေးကာတာဝန်ရှိသူများအားလိုအပ်သည်များမှာကြားသည်။

ထုတ်လုပ်နိုင်

အဆိုပါ တမံမှာ ကျောက်ဖြည့်မြေသားတမံဖြစ်ပြီး တမံအမြင့် ၅၂၅ ပေ၊ တမံအလျား ပေ ၂၆၀၀၊ ကန်ရေပြည့်ရေလှောင် ပမာဏ ၁ ဒသမ ၂၆ ဧက ပေသန်းပေါင်း ရှိပြီး ရေသောက်ဧရိယာ ဧက ၅၀၀၀၀ ရှိ၍ နှစ်စဉ်လျှပ်စစ်ဓာတ်အား ကီလိုဝပ် ၂၆၈၀ နာရီသန်းပေါင်း ထုတ်လုပ် နိုင်မည်ဖြစ်ကြောင်းသိရသည်။

ဧပြီ ၃၀ ရက် နံနက်ပိုင်းတွင် တိုင်းမှူး ဗိုလ်ချုပ်သာအေးသည် ဂန့်ဂေါမြို့ သမိုင်းဝင်စွယ်တော်ရှင်ဘုရားသို့ ရောက်ရှိဖူးမြော်ကြည်ညိုပြီးအလှူငွေများပေးအပ်လှူဒါန်းသည်။

ထို့နောက် တိုင်းမှူးသည် မြစ်သာ ရေလှောင်တမံ စီမံကိန်းလုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း၊ ဂန့်ဂေါ–ပုလဲကားလမ်း လမ်းပြုပြင် ထိန်းသိမ်းဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ပုံညာတောင် ဥမင်တူးဖော်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုကိုလည်းကောင်း၊ ဂန့်ဂေါ–ပုလဲ–မုံရွာကားလမ်း မိုင်တိုင်အမှတ် ၅၀ ၌ တံတားတည်ဆောက်နေမှုများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် တိုင်းမှူးက လိုအပ်သည်များ မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

(သတင်းစဉ်)

သမဝါယမအသင်းလီမိတက် ဖွဲ့စည်းရေးအခမ်းအနား ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း တက်ရောက်အားပေး

ရန်ကုန် မေ ၆

သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည်ယမန်နေ့နံနက် ၉ နာရီခွဲတွင် သမဝါယမဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော မင်္ဂလာတောင်ညွန့်မြို့နယ် ဆာကူရာ နည်းပညာဝန်ဆောင်မှု သမဝါယမ အသင်း လီမိတက်ဖွဲ့စည်းရေး အခမ်းအနားသို့ တက်ရောက် အားပေးသည်။

ရှေးဦးစွာ သဘာပတိ ရန်ကုန်တိုင်းဖွဲ့စည်းရေးကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိန်ဝင်းက အမှာစကား ပြောကြားသည်။

ထို့နောက် အသင်းဖွဲ့စည်းရန် ဆုံးဖြတ်ချက်နှင့် အသင်းစည်းကမ်းတို့ကို လည်းကောင်း၊ ဦးဌေးအောင် ဥက္ကဋ္ဌအဖြစ် ပါဝင်သော ဒါရိုက်တာအဖွဲ့နှင့် အသင်းသား စာရင်းစစ်တို့ကိုလည်းကောင်း အတည်ပြုသည်။

ယင်းနောက် ဒါရိုက်တာအဖွဲ့ဝင်များနှင့် အသင်းသား စာရင်းစစ်တို့သည် သဘာပတိရှေ့မှောက်တွင် ကတိသစ္စာပြုကြပြီး အသင်းဥက္ကဋ္ဌ ဦးဌေးအောင်က မိတ်ဆက်စကား ပြောကြားသည်။ အဆိုပါ သမဝါယမအသင်း လီမိတက်သည် ကွန်ပျူတာ နည်းပညာ၊ စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ စက်မှုလက်မှု၊ စက်ရုံအလုပ်ရုံများနှင့် ဆောက်လုပ်ရေးလုပ်ငန်းများ၏ နည်းပညာဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး အသင်းသား ၅၄ ဦးဖြင့် ဖွဲ့စည်းလိုက်သည်။

(သတင်းစဉ်)

ကွယ်လွန်သူနှစ်ဖက်မိဘများနှင့် ခင်ပွန်းအားရည်စူး၍ အမှတ်(၂၂)ဘန္ဓာကုန်း(၃)လမ်း ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဒေါ်ဌေးဌေး မိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂) ဒုတိယဗိုလ်မှူးကြီး ဘဉာဏ်(ငြိမ်း)က လက်ခံရယူစဉ်။

(က–ပ)

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်း ရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း (၄၀)ဖြစ်သည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၇–၅–၂၀၀၅ (စနေနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	တေးဂီတအစီအစဉ်
၇:၁၀	ဦးခိုက်ဖူးမြော်ရွှေမော်ဓောစေတီတော်
၇:၂၅	တေးဂီတအစီအစဉ်
၇:၃၀	ပြည်တွင်းသတင်းအကျဉ်း
၇:၃၅	၂၀၀၄ခုနှစ်၊မြန်မာ့အကောင်းဆုံးအားကစားသမားများအား ဆုချီးမြှင့်ခြင်း
၈:၀၀	ဂီတသံစဉ်အလှဆင်
၈:၁၅	နိုင်ငံတကာသတင်းအကျဉ်း
၈:၂၀	ဂက်စ်မီးဖိုနှင့် ဖြစ်တတ်သောအန္တရာယ်များ
၈:၃၀	တေးဂီတအစီအစဉ်
၈:၃၅	မြန်မာနိုင်ငံသစ်တောကျောင်း
၈:၄၀	တေးဂီတအစီအစဉ်
၈:၄၅	ပြည်တွင်းသတင်းအကျဉ်း
၈:၅၀	အိုင်အိုဒင်းဆားဆွေးနွေးခန်း
၉:၀၀	ဝါသနာရှင်စင်မြင့်
၉:၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉:၅၀	အမှတ်(၃)စက္ကူစက်ရုံ(ပလိပ်)
၁၀:၀၀	တေးဂီတအစီအစဉ်
၁၀:၀၅	မိုးလေဝသခန့်မှန်းချက်
၁၀:၁၀	နိုင်ငံတကာ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး
၁၀:၃၅	တေးဂီတအစီအစဉ်
၁၀:၄၀	ဂုံညင်းတန်းတံတား
၁၀:၄၅	လယ်ယာထွန်စက်
၁၁:၀၀	MRTV-4 အပိတ် Logo

အထက်ပါ(၄)နာရီစာ အစီအစဉ်များကို ည ၂၃:၀၀ နာရီအထိ (၄)ကြိမ် ဆက်တိုက်ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

မေ ၆ ရက်က ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီဂျူဟွမ်း ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်သို့ သွားရောက်၍ သံအမတ်ခန့်အပ်လွှာ ပေးအပ်စဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

မေ ၆ ရက်က ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာထရန်ဗန်တန် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်သို့ သွားရောက်၍ သံအမတ်ခန့်အပ်လွှာပေးအပ်စဉ်။ (သတင်း-ကျောဖုံး) (သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် အဆင့်မြင့်တိုးချဲ့ရေးလုပ်ငန်းစစ်ဆေး

ရန်ကုန် မေ ၆

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်လိုက်ပါလျက် ယမန်နေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် အဆင့်မြင့် တိုးချဲ့ရေးလုပ်ငန်းခွင်သို့ရောက်ရှိရာ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် လေဆိပ်အဆောက်အအုံကို တာဝန်ယူ တည်ဆောက်နေသော Asia World Co., Ltd. မှ တာဝန်ရှိသူများက ကြိုဆိုကြသည်။ ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ Asia World Co., Ltd. မှ ဒါရိုက်တာ ဦးမောင်ကြေးက လေဆိပ်တိုးချဲ့အဆောက်အအုံ ပြီးစီးနေမှု၊ အဆောက်အအုံဟောင်းနှင့် ဆက်စပ်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ လေဆိပ်မျက်နှာစာ လုပ်ငန်းများ ပြီးစီးမှု၊ Car Parking၊ Underground Tank တည်ဆောက်နေမှုနှင့် Custom Ware House တည်ဆောက်သည့် နေရာအနေအထားများကို Computer Slide Show ဖြင့် ပြသရှင်းလင်းတင်ပြသည်။

ညှိနှိုင်းဖြည့်ဆည်း

ဆက်လက်၍ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဝန်ကြီးက စီမံကိန်းလုပ်ငန်းများ လုပ်ငန်းလျာထားချက်အတိုင်း အချိန်မီပြီးစီးရေး၊ အရည်အသွေးပြည့်မီရေး ဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် တိုးချဲ့လေဆိပ်အဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်း၊ Underground Tank တည်ဆောက်ရေးလုပ်ငန်း၊ Carparkingတည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးနေမှုအခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးရာတာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို နိုင်ငံတကာအဆင့် မီစေရန်အတွက် ပြည်ပခရီးသည် နားနေဆောင် အရှည်ပေ ၃၄၀နှင့် အကျယ်ပေ ၁၄၀မှ အရှည်ပေ၈၀၀နှင့် အကျယ်ပေ၂၀၀ရှိ နှစ်ထပ်ခွဲဆောင်အဖြစ် တိုးချဲ့တည်ဆောက်၍ ခရီးသည်များ လေယာဉ်ပေါ် တိုက်ရိုက်တက်/ဆင်းနိုင်သည့် Boarding Bridge လေးခု တပ်ဆင်ထားခြင်း၊ ပြည်ပဆိုက်ရောက်ဆောင်ရှေ့၌ Underground Carparking တည်ဆောက်ခြင်းနှင့် လေယာဉ်ကြီးများ ရပ်နားနိုင်ရန် Apron ကို ၆၀၀ x ၆၀၀ ပေထိရရှိရန် တိုးချဲ့တည်ဆောက်လျက်ရှိသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် အဆင့်မြင့် တိုးချဲ့တည်ဆောက်ရေးလုပ်ငန်း ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

(ပို့ဆောင်ရေး)

တိုင်းရင်းသားများအား ကွင်းဆင်းဆေးကုသ၊ ဖွံ့ဖြိုးရေးပညာပေး

မူဆယ် မေ ၆

မူဆယ်ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ကြီးကြပ်မှုဖြင့် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စန်းစန်းခိုင်၊ အထွေထွေရောဂါအထူးကုသမားတော်ကြီး ဒေါက်တာဦးရဲကျော်စီတို့ ဦးဆောင်ပါဝင်သော အဖွဲ့သည် ဧပြီ ၂၅ရက်နံနက် ၈နာရီခွဲက မုံးပေါ်ဇုန်တိုက်နယ်ဆေးရုံ၌ အဆိုပါဇုန်အတွင်းရှိ မုံးပေါ်၊ ဟိုနား၊ မန်ပုံ၊ ဖန်အွမ်၊ မိုင်ဖန်ကျေးရွာများရှိ တိုင်းရင်းသားများအား ကွင်းဆင်းဆေးကုသဆောင်ရွက်သည်။

ယင်းသို့ကွင်းဆင်းဆောင်ရွက်ရာတွင် လူနာပေါင်း ၄၆၄ ဦးအား အခမဲ့ဆေးကုသခြင်း၊ တိုင်းရင်းသားများအား အိုင်အိုဒင်းဆားဖြန့်ဝေခြင်း၊ မိုင်ဖန်ကျေးရွာ၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်နှင့် ပညာပေး လှုပ်ရှားမှုများ ဆောင်ရွက်ခြင်း၊ ကျေးလက်စာဖတ်ဝိုင်းများဆောင်ရွက်ခြင်း၊ ဟိုနားကျေးရွာတွင် သောက်သုံးရေရရှိရေးအတွက် ရေပိုက်များသွယ်ယူပေးခြင်း၊ ဆင်းရွှေလီနွေစပါးစိုက်ပျိုးမှုတွင် ဆေးဖျန်းပွဲတော်များ ပြုလုပ်ဆောင်ရွက်ခြင်း၊ ငှက်ဖျားရောဂါ၊ တီဘီရောဂါ၊ HIV/AIDSအကြောင်း၊ဆေးလိပ်အန္တရာယ်၊ ပတ်ဝန်းကျင်နှင့်တစ်ကိုယ်ရေသန့်ရှင်းရေးစသည့်တို့ကို ကျန်းမာရေးပညာပေးဟောပြောခဲ့ကြသည်။

ချို့တဲ့သော လူနာများအား ဆေးကုသစရိတ်များကို မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စန်းစန်းခိုင်က ထောက်ပံ့ပေးခဲ့သည်။ အဆိုပါအဖွဲ့သည် ဧပြီ ၂၅ ရက်မှ ၃၀ ရက်အထိ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

ရုရှားနှင့်တရုတ် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင် ဒုတိယကမ္ဘာစစ်ပြီးဆုံးမှု နှစ်(၆၀)ပြည့်အထိမ်းအမှတ် ကျင်းပမည်

မော်စကို မေ ၅

မေ ၉ ရက်တွင် ကျင်းပမည့် ဒုတိယကမ္ဘာစစ်ပြီးဆုံးမှု နှစ် (၆၀)ပြည့် အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်ရန် မြို့တော်မော်စကိုသို့ တရုတ်သမ္မတ ဟူကျင်တောင် လာရောက်မည့်ခရီးစဉ်သည် ရုရှားနှင့်တရုတ်နိုင်ငံတို့ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် အထောက်အကူပြုမည်ဖြစ်ကြောင်း ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီး အလက်ဇန္ဒာအလက်ဆေယက်ဗ်က ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

ဒုတိယကမ္ဘာစစ်ပြီးဆုံးမှု နှစ် (၆၀) ပြည့်နှစ်ပတ်လည်နေ့ အထိမ်းအမှတ်ပွဲသို့ တရုတ်ခေါင်းဆောင် တက်ရောက်လာခြင်းကို မိမိတို့အစိုးရအဖွဲ့က အလေးထားကြောင်း အလက်ဆေယက်ဗ်က ဆင်ဟွာသတင်းဌာန၏ လူတွေ့မေးမြန်းခန်းတွင် ပြောကြားသည်။

ပါဝင်

ရုရှားနှင့် တရုတ်ပြည်သူတို့သည် နာဇီဝါဒနှင့် စစ်ဝါဒတို့ကို ဆန့်ကျင်ရာတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ခဲ့ကြကြောင်း ၎င်းက ပြောကြားသည်။

မြို့တော်မော်စကိုတွင် မေ ၉ ရက်က ကျင်းပမည့် အဆိုပါအထိမ်းအမှတ်ပွဲသို့ ကမ္ဘာ့ခေါင်းဆောင် အများအပြား တက်ရောက်ကြမည်ဖြစ်ကြောင်း၊ တက်ရောက်မည့်သူများတွင် အမေရိကန်သမ္မတ ဂျော့ဂျ်ဒဗလျူဘုရှ်၊ ဂျာမန်ဝန်ကြီးချုပ် ဂဲဟတ်ရှရိုးဒါးနှင့် ပြင်သစ်သမ္မတ ဂျက်ရှီရက်တို့ ပါဝင်ကြောင်း ၎င်းက ပြောကြားသည်။

ကျင်းပမည်

ကမ္ဘာ့ငြိမ်းချမ်းရေးကို ထိန်းသိမ်းစောင့်ရှောက်နိုင်စေရန် လည်းကောင်း၊ ဒုတိယကမ္ဘာစစ်ကဲ့သို့ ကြမ္မာဆိုးများ ကမ္ဘာ့နိုင်ငံများအပေါ် ပြန်လည်သက်ရောက်မှုမှ ကာကွယ်နိုင်စေရန် လည်းကောင်း၊ ကမ္ဘာ့နိုင်ငံများရှိ ပြည်သူများကို တပ်လှန့်နှိုးဆော်သည့် အနေဖြင့် ဒုတိယကမ္ဘာစစ်ပြီးဆုံးမှု နှစ်ပတ်လည် အထိမ်းအမှတ် အခမ်းအနားကို ကျင်းပမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ပူးပေါင်း

ကမ္ဘာကြီး လုံခြုံမှုရှိစေမည့် နိုင်ငံစုံစနစ်တစ်ရပ်ကို တည်ဆောက်ရာတွင် ကမ္ဘာ့မိသားစု အသိုက်အဝန်း၏ ညီညွတ်မှုဖြင့် တည်ဆောက်ရမည်ဖြစ်ပြီး ကမ္ဘာ့လုံခြုံရေးကို ထိပါးနိုင်သည့် ခြိမ်းခြောက်မှုအသစ်တို့ကို ရင်ဆိုင်ဖြေရှင်းနိုင်ရန် နိုင်ငံများ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

တိုက်ခိုက်မှုကြောင့် ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦး အီရတ်တွင် သေဆုံး

လန်ဒန် မေ ၅

ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦး အီရတ်နိုင်ငံတွင် တိုက်ခိုက်ခံရသဖြင့် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီးနောက် တနင်္လာနေ့က သေဆုံးခဲ့ကြောင်း ဗြိတိသျှကာကွယ်ရေးဝန်ကြီးဌာနက တနင်္လာနေ့တွင် ကြေညာသည်။

အမှတ်(၁၂) ယန္တရားတပ်မဟာမှ တပ်ဖွဲ့ဝင်တစ်ဦး တိုက်ခိုက်မှုခံရသောကြောင့် ထိခိုက်ဒဏ်ရာ ရရှိခဲ့ရာမှ မေ ၂ ရက်က သေဆုံးခဲ့မှုအပေါ် မိမိတို့ ယူကျုံးမရဖြစ်ခဲ့ရကြောင်း အဆိုပါဌာနမှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

၎င်းတပ်ဖွဲ့ဝင်သည် အသက် (၂၄)နှစ်ရှိ အန်ထော်နီဂျင်ဝိတ်ဖီးလ်ဖြစ်ပြီး အီရတ်နိုင်ငံတောင်ပိုင်း အမ်မာရာမြို့တွင် ပုံမှန်စစ်ရေးအရ လှုပ်ရှားမှုပြုလုပ်နေစဉ် အိမ်လုပ်ဗုံးပေါက်ကွဲမှုကြောင့် သေဆုံးခဲ့ခြင်းဖြစ်သည်။

ယင်းတပ်ဖွဲ့မှ အခြားတပ်ဖွဲ့ဝင်တစ်ဦးသည်လည်း ယင်းတိုက်ခိုက်မှုအတွင်း ထိခိုက်ဒဏ်ရာ ရရှိခဲ့သော်လည်း ဒဏ်ရာပြင်းထန်မှုမရှိခဲ့ပေ။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ ဘဂ္ဂဒက်ရှိ တပ်သားသစ် စုဆောင်းရေးစခန်း၌ ဗုံးခွဲတိုက်ခိုက်ခံရပြီးနောက် ဒဏ်ရာရရှိသူတစ်ဦးကို မေ ၅ ရက်က ဆေးရုံပေါ်၌ တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အီရတ်အကျဉ်းသားများအား နှိပ်စက်ညှဉ်းပန်းမှုတွင်ပါဝင်သည့် အမေရိကန်တပ်ဖွဲ့ဝင်က အပြစ်ရှိကြောင်း ဝန်ခံပြောကြား

ဝါရှင်တန် မေ ၄

အီရတ်နိုင်ငံ အဘူဂရိပ်အကျဉ်းထောင်ရှိ အီရတ်နိုင်ငံသား အကျဉ်းသားများအား နှိပ်စက်ညှဉ်းပန်းမှုဖြင့် စွပ်စွဲခံထားရသူ အမျိုးသမီးတပ်ဖွဲ့ဝင်တစ်ဦးက ၎င်းအား စွပ်စွဲထားသည့် စွပ်စွဲချက် အများအပြားအတွက် တက္ကဆက်ပြည်နယ် ဖို့တ်ဟုဒ် စစ်ခုံရုံးတွင် အပြစ်ရှိကြောင်း ဝန်ခံပြောကြားလိုက်သည်။

၎င်းအမျိုးသမီးသည် လင်ဒီအင်ဂလန်ဖြစ်ပြီး အကျဉ်းသားများအား မတရားနှိပ်စက်ညှဉ်းပန်းရန် ပူးပေါင်းကြံစည်မှုနှစ်မှု၊ အကျဉ်းသားများအား နှိပ်စက်ညှဉ်းပန်းမှု လေးမှုနှင့် မလျော်ကန်သည့် အပြုအမူပြုလုပ်မှုတစ်မှုတို့ဖြင့် အစွပ်စွဲခံထားရကာ ယင်းပြစ်မှုများအတွက် အပြစ်ရှိကြောင်း ဝန်ခံပြောကြားခဲ့သည်။

အသက်(၂၂)နှစ်ရှိ လင်ဒီအင်ဂလန်က စစ်ဘက်ဆိုင်ရာ ရှေ့နေများနှင့် ညှိနှိုင်းကာ ဝန်ခံမှု ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ယင်းကြောင့် ၎င်း၏ပြစ်မှုအတွက် အများဆုံးထောင်ဒဏ် ၁၆ နှစ်ခွဲမှ ၁၁ နှစ်အထိ လျှော့ချအပြစ်ပေးနိုင်မည်ဖြစ်သည်။ ၎င်းအားတာဝန်လစ်ဟင်းမှုနှင့် မဖွယ်မရာ ပြုမူဆောင်ရွက်မှုအတွက် စွပ်စွဲချက်ကို ဖယ်ရှားခဲ့သည်။

အင်ဂလန်၏ လျှောက်လဲချက်နှင့် ပတ်သက်သည့် သဘောတူညီချက်အား စစ်ဘက်ဆိုင်ရာ တရားသူကြီးက လက်ခံခဲ့ပါက အရာရှိနှင့်တပ်ဖွဲ့ဝင်များပါဝင်သည့် ခုံသမာဓိအဖွဲ့က ပြစ်ဒဏ်ချမှတ်ရန် ဆုံးဖြတ်မည်ဖြစ်သည်။

အင်ဂလန်သည် အနောက် ဗာဂျီးနီးယားပြည်နယ်မှဖြစ်ကာ မေရီလင်းအခြေစိုက် အမှတ်(၃၇) စစ်ရဲတပ်ခွဲမှဖြစ်ပြီး အဘူဂရိပ်အကျဉ်းထောင်မှ အကျဉ်းသားများအား ကိုယ်ထိလက်ရောက် နှိပ်စက်မှုနှင့် အရှက်တကွဲအကျိုးနည်းစေရန် ပြစ်မှုကျူးလွန်မှုဖြင့် စွပ်စွဲခံထားရသူ ခုနစ်ဦးမှ တစ်ဦးဖြစ်သည်။ အင်ဂလန်နှင့် အခြားစွပ်စွဲခံထားရသည့် တပ်ဖွဲ့ဝင်များက ၎င်းတို့သည် အဆိုပါ အကျဉ်းထောင်မှ စစ်ဘက်ထောက်လှမ်းရေး အရာရှိများက ပေးသည့်အမိန့်များကို လိုက်နာဆောင်ရွက်ခဲ့ကြောင်း အလေးအနက် ပြောကြားကြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်နိုင်ငံ ဒီရာဒေသတွင် အမေရိကန်စစ်ယာဉ်တန်း ဗုံးခွဲတိုက်ခိုက်ခံရပြီးနောက် အပျက်အစီးများအား ရှင်းလင်းနေသည်ကို မေ ၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ကမ္ဘာတစ်ဝန်းတွင် အငတ်ဘေးဆိုက်သူဦးရေ တိုးမြင့်လာ စားနပ်ရိက္ခာအကူအညီ ပိုမိုရရှိရေး ကုလသမဂ္ဂပန်ကြား

ကုလသမဂ္ဂ မေ ၅

ကမ္ဘာတစ်ဝန်းတွင် အငတ်ဘေးဆိုက်ရောက်နေသူဦးရေ မြင့်တက်လာနေပြီး စားနပ်ရိက္ခာအကူအညီအတွက် ကမ္ဘာ့အလှူရှင်နိုင်ငံများ၏ ထောက်ပံ့ငွေပမာဏ စံချိန်တင်မြင့်တက်လာနေလင့်ကစား လွန်ခဲ့သည့်နှစ်က စားနပ်ရိက္ခာထောက်ပံ့မှု ၃၀ ရာခိုင်နှုန်း ကျဆင်းသွားသည်ဆိုသော လေ့လာချက်စစ်တမ်းတစ်ရပ် ပေါ်ထွက်လာပြီးနောက် စားနပ်ရိက္ခာ အကူအညီများ တိုးမြှင့်ပေးရန် ကုလသမဂ္ဂ စားနပ်ရိက္ခာအေဂျင်စီက ဗုဒ္ဓဟူးနေ့တွင် တိုက်တွန်းလိုက်သည်။

ထောက်ပံ့မှု

ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (ဒဗလျူအက်ဖ်ပီ) က ၂၀၀၄ ခုနှစ်အတွက် စားနပ်ရိက္ခာအကူအညီရရှိမှု အခြေအနေဆိုင်ရာ ကိန်းဂဏန်းများကို ထုတ်ပြန်ခဲ့ရာတွင် ကမ္ဘာတစ်ဝန်း၌ အစာအာဟာရ ပြည့်ဝစွာ မစားသုံးရသည့် လူဦးရေ သန်းရာပေါင်းများစွာ ရှိကြောင်း ဖော်ပြထားသည်။ ကမ္ဘာ့စားနပ်ရိက္ခာ ထောက်ပံ့မှုမှာ ၂၀၀၃ ခုနှစ်တွင် တန်ချိန် ၁၀ ဒသမ ၃ သန်း ရှိခဲ့ရာမှ ၂၀၀၄ ခုနှစ်တွင် တန်ချိန် ၇ ဒသမ ၅ သန်းအထိ ကျဆင်းသွားသည်ဆို၏။

မြင့်တက်လာ

ဖော်ပြပါကာလအတွင်း ကာလကြာရှည်စွာအငတ်ဘေးဆိုက်ရောက်နေသူဦးရေသည် ၂၀၀၄ ခုနှစ်တွင် ၈ ရာခိုင်နှုန်းပါး မြင့်တက်လာကြောင်း၊ ၂၀၀၃ ခုနှစ်တွင်မူ အလားတူဦးရေသည် သန်း ၇၉၀ ရှိခဲ့ရာမှ ၂၀၀၄ ခုနှစ်တွင် ၈၅၂ သန်းအထိ မြင့်တက်လာကြောင်း၊ ဤဖော်ပြပါ အခြေအနေကြောင့် ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်သည် ကမ္ဘာ့နိုင်ငံများထံမှ စားနပ်ရိက္ခာ ထောက်ပံ့မှု တိုးတက်ရရှိရန် အလေးပေးလာရခြင်းဖြစ်ကြောင်း ဒဗလျူအက်ဖ်ပီ အမှုဆောင်ညွှန်ကြားရေးမှူး ဂျိမ်းစ်မောရစ်က ထုတ်ပြန်သည့် ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

တိုးလာမည်

စားနပ်ရိက္ခာ အကူအညီများ တိုးမရရှိပါက အစာရေစာ ငတ်မွတ်ခေါင်းပါးမှုဖြင့် သေဆုံးသူဦးရေ တိုးတက်လာမည်ဖြစ်ကြောင်း အဆိုပါ ကြေညာချက်တွင် ဖော်ပြထားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ကင်းလှည့်စဉ် ဗုံးပေါက်ကွဲ ကန်တပ်ဖွဲ့ဝင် တစ်ဦးသေဆုံး

ဘဂ္ဂဒက် မေ ၅

အမေရိကန်တပ်ဖွဲ့ဝင်များ အီရတ်နိုင်ငံတွင် စစ်ရေးအရ လှုပ်ရှားမှုများ တနင်္လာနေ့က ပြုလုပ်ခဲ့ရာတွင် တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ပြီး ခုနစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန်စစ်ဘက်က အင်္ဂါနေ့က ပြောကြားသည်။

အမေရိကန်တပ်ဖွဲ့ဝင်များ ဘဂ္ဂဒက်နိုင်ငံတကာလေဆိပ် တောင်ပိုင်းတွင် တိုက်ကင်းလှည့်ရာ၌ ၎င်းတို့ စီးနင်းလိုက်ပါသည့် ကင်းလှည့်မော်တော်ယာဉ်အနီး ည ၉ နာရီ ၄၅ မိနစ်တွင် အိမ်လုပ်ဗုံး ပေါက်ကွဲသဖြင့် အမှတ်(၁) ထောက်ပို့စစ်ဌာနချုပ်မှ တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ပြီး အခြားလူများ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း စစ်ဘက်က ကြေညာချက်တွင် ဖော်ပြထားသည်။

ယင်းနေ့ စောစောပိုင်းအချိန်ကလည်း အမေရိကန်တပ်ဖွဲ့ဝင်များသည် ဆီးရီးယားနယ်စပ်အနီး စစ်ရေးအရ လှုပ်ရှားမှုပြုလုပ်စဉ်အတွင်း ပြောက်ကျားများနှင့် အပြန်အလှန် ပစ်ခတ်ခဲ့ကြသည်ဟုဆိုသည်။

အမေရိကန်တပ်ဖွဲ့ဝင်များက ဆီးရီးယားနယ်စပ်အနီးရှိ ကွိုင်မြို့အနီးတွင် ထရပ်မော်တော်ယာဉ်တစ်စီးကို ရပ်တန့်စေရာ၌ ပစ်ခတ်ခံရပြီး ၎င်းတပ်ဖွဲ့ဝင်များက ပြောက်ကျားကိုးဦးအား ပစ်သတ်ခဲ့ကြသည်ဟု ကြေညာချက်အရ သိရှိရသည်။

အခင်းဖြစ်ပွားရာ နေရာအနီးတွင် ပြောက်ကျားဟု သင်္ကာမကင်းဖြစ်ရသူ သုံးဦး လေကြောင်းမှ တိုက်ခိုက်မှုခံရသဖြင့် သေဆုံးခဲ့သည်ဟု စစ်ဘက်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဗြိတိန်နိုင်ငံ၏ ကုန်ထုတ်လုပ်မှုကဏ္ဍ နှစ်နှစ်အတွင်း ဧပြီလတွင်အနိမ့်ဆုံးသို့ရောက်ရှိ

လန်ဒန် မေ ၄

ဗြိတိန်နိုင်ငံ၏ ကုန်ထုတ်လုပ်ရေးကဏ္ဍသည် ဧပြီလတွင် နှစ်နှစ်နီးပါး ကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် လျော့ကျလာကြောင်း အင်္ဂါနေ့က ထုတ်ပြန်သော သုတေသနပြုအစီရင်ခံစာအရ သိရသည်။

– ကျဆင်း –

ဝယ်ယူရေးဆိုင်ရာ မန်နေဂျာများ အညွှန်းကိန်းသည် လွန်ခဲ့သည့်လအတွင်း ၄၉ ဒသမ ၅ အထိ ကျဆင်းခဲ့ကြောင်း၊ ၂၀၀၃ ခုနှစ် ဇွန်လနောက်ပိုင်း အကျဆင်းဆုံးဖြစ်ခဲ့ပြီး မတ်လကရှိခဲ့သည့် ၅၁ ဒသမ ၆ အောက် လျော့နည်းခဲ့ကြောင်း ဝယ်ယူရေးနှင့် ဖြည့်တင်းရေးဌာန၏ သုတေသနပြုချက်အရ သိရှိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

အနောက်အာရှနိုင်ငံများမှ ခရီးသည်များ မလေးရှားသို့ လာရောက်မှုတိုးတက်များပြား

ကွာလာလမ်ပူ မေ ၅

မလေးရှားနိုင်ငံသို့အနောက်အာရှနိုင်ငံများမှ ခရီးသွားဧည့်သည်များ လာရောက်မှုသည် ၂၀၀၄ ခုနှစ်တွင် ၁၂၆၀၅၀ ဦးရှိခဲ့သည်။ ယမန်နှစ်နှင့်နှိုင်းယှဉ်လျှင် ၅၇ ရာခိုင်နှုန်းခန့် တိုးတက်လာကြောင်း တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

အနောက်အာရှမှ မလေးရှားနိုင်ငံသို့ ကမ္ဘာလှည့်ဧည့်အဖြစ် လာရောက်ကြသူများတွင် ၆၀ ရာခိုင်နှုန်း ကျော်သည် အာရပ်ဒေသမှ အများဆုံးဖြစ်သည်ဟု ခရီးသွားလာရေးလုပ်ငန်းမှ ဒုတိယ ဝန်ကြီး အာမဒ်ဇာဟီဒီဟာမီဒီ၏ ပြောကြားချက်ကိုကိုးကား၍ မလေးရှားအမျိုးသားသတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

– တိုးတက် –

ဆော်ဒီအာရေဗျမှခရီးသွားဧည့်သည်များသည် ၂၀၀၃ခုနှစ်က ၂၀၀၇၇ ဦးသာ လာရောက်ခဲ့ကြပြီး၊ ၂၀၀၄ခုနှစ်တွင် ဧည့်သည် ၃၉၄၃၂ ဦးရှိသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၄ ရာခိုင်နှုန်းကျော် တိုးတက်ခဲ့ကြောင်း သိရှိရသည်။

အာရပ်စော်ဘွားများပြည်ထောင်စုသည် မလေးရှားနိုင်ငံ၏ ခရီးသွားလာရေးဈေးကွက်တွင် ဒုတိယအရေးကြီးဆုံးဈေးကွက်ဖြစ်နေသည်။ ထိုအာရပ်စော်ဘွားများပြည်ထောင်စုမှလာရောက်သူများသည် ၂၀၀၃ ခုနှစ်တွင် ၆၀၄၇ ဦးရှိပြီး ၂၀၀၄ခုနှစ်တွင် ၂၁၁၆၁ ဦး လာရောက်သဖြင့် ရာခိုင်နှုန်းအားဖြင့် ၂၅၀ရာနှုန်း တိုးတက်လာခဲ့သည်။

– မြင့်တက်–

ကာတာနိုင်ငံမှလည်း ယမန်နှစ်ကထက် ခရီးသွားဦးရေ နှစ်ဆမြင့်တက်လာပြီး စုစုပေါင်း ၅၀၀၀ ကျော်ရှိသည်။ ကူဝိတ်နိုင်ငံမှ ခရီးသွားဧည့်သည် အရေအတွက်သည် ၂၀၀၃ခုနှစ်က ၃၅၉၉ ဦးရှိပြီး ယခုနှစ်တွင် ၁၂၀၆၃ ဦးထိတိုးလာသည်ဟု သက်ဆိုင်ရာမှတ်တမ်းများအရ သိရှိရသည်။

– ကြိုးပမ်း –

မလေးရှားနိုင်ငံသို့ အနောက်အာရှဒေသမှ ခရီးသွားဧည့်သည် ပိုမိုလာရောက်စေရေးအတွက် ဆွဲဆောင်မှုရှိစေရန် ပိုမိုကြိုးပမ်းသွားမည်ဖြစ်သည်ဟု အာမဒ်ဇာဟီဒီက ပြောကြားသည်။

အာရှအနောက်ပိုင်းဒေသမှ ခရီးသွားဧည့်သည်များအတွက် နေထိုင်မှုအဆင်ပြေစေရန် ကိုယ့်အိမ် ကိုယ့်ရာကဲ့သို့ဖြစ်ရေးစီမံချက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ၎င်းကပြောကြားသည်။

– ရှောင်ခွာ –

ပင်လယ်ကွေ့ဒေသတွင် နေထိုင်ကြသူများသည် နွေရာသီတွင် ပူပြင်းလာသော ၎င်းတို့ဒေသကို ရှောင်ခွာပြီး မေလနှင့်စက်တင်ဘာလများအတွင်း၌ အပူဒဏ်သက်သာသည့် ကမ္ဘာ့အရပ်များသို့ သွားရောက်လေ့ရှိသည်။

– စီစဉ် –

အာရပ်ခရီးသွားများအတွက်မလေးရှားနိုင်ငံသည် ရေပန်းစားသော လည်ပတ်စရာနေရာဖြစ်လာစေရန် စီစဉ်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ မလေးရှားနိုင်ငံသည် ပြည်ပခရီးသွားဧည့်သည်များ မိမိတို့နိုင်ငံသို့ လာရောက်စေရန်အတွက် အရှိန်အဟုန်မြှင့်တင်မှုများ၊ ဈေးကွက်ချဲ့ထွင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ကွာလာလမ်ပူမြို့ကို အနောက်အာရှခရီးသွားများ လာရောက်သောအခါ အဆင်ပြေစေရန်အတွက် အာရပ်ယဉ်ကျေးမှုဆိုင်ရာနှင့် လိုက်လျောမှုရှိစေရန် ပြုပြင်ဆောင်ရွက်ထားသည်ဟုအစောပိုင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

– အာရပ်စကား –

အာရပ်နိုင်ငံများမှ လာရောက်ကြသော အာရပ်ခရီးသွားဧည့်သည်များအတွက် အဆင်ချောစေရန် အာရပ်ဘာသာပြောနိုင်သော ဧည့်လမ်းညွှန်ထားရှိခြင်း၊ ကွာလာလမ်ပူ အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင်လည်း သတင်းများ၊ဆိုင်းဘုတ်များ၊ လက်ကမ်းစာစောင်များစသည်များကို အာရပ်ဘာသာစကားများ ထည့်သွင်းဖော်ပြပုံနှိပ်ထားခြင်း စသည်များကို ဆောင်ရွက်ထားမည်ဖြစ်ကြောင်း သိရှိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

စိုက်ပျိုးရေးခြံ

မလေးရှားနိုင်ငံ လန်ကာဝီဒေသရှိ စိုက်ပျိုးရေးခြံတစ်ခြံတွင် သီးနှံဆွတ်ခူးနေသည်ကို မေ ၃ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ကြေးမုံ The Mirror

နိုင်ငံတကာသတင်းများ

အိန္ဒိယတွင်မိုးသက်မုန်တိုင်းကျရောက် နွေရာသီတွင် ချိန်ခါမဟုတ် မိုးရွာသွန်း

နယူးဒေလီ မေ ၆

အိန္ဒိယနိုင်ငံ အန်ဒရာပါဒေ့ရှ် ဒေသကမ်းခြေတွင် မိုးသက်မုန်တိုင်းကျရောက်မှုကြောင့် လူ ၁၈ ဦးထက်မနည်း သေဆုံးခဲ့သည်ဟု အင်ဒို–အာရှသတင်းဌာနက တနင်္ဂနွေနေ့တွင် သတင်းဖော်ပြခဲ့သည်။

သေဆုံး

အဆိုပါ မိုးသက်မုန်တိုင်းကြောင့် ဂန်တာဒေသတွင် လူ ၁၀ ဦးသေဆုံးပြီး ခရစ်နာ၊ စရာကာကူလမ်၊ ကာရမ်နာဂါနှင့် နလ်ဂွန်ဒါဒေသတို့တွင် လူရှစ်ဦး သေဆုံးခဲ့သည်။ ၎င်းအပြင် လူအများအပြားလည်း ဒဏ်ရာရရှိခဲ့ပြီး ကျွဲနွားတိရစ္ဆာန် များလည်း သေဆုံးကြရသည်။

ရာသီမဟုတ် မိုးသက်မုန်တိုင်းကျရောက်မှုကြောင့် အိမ်များ၊ သရက်ခြံများနှင့် ကောက်ပဲသီးနှံများ ပျက်စီးခဲ့ရသည်။

ယခုကဲ့သို့ နွေရာသီမျိုးတွင် ချိန်ခါမဟုတ် မိုးရွာသွန်းမှုမျိုး တစ်ခါမျှမိမိမတွေ့ဖူးကြောင်း ခရစ်နာဒေသမှ သရက်ခြံလယ်သမားကြီး ရာဒီရဒ်ဒီက ပြောကြားသည်။

မိုးသည်းထန်စွာ ရွာသွန်းပြီး မိုးသက်မုန်တိုင်း ကျရောက်မှုကြောင့် သစ်ပင်များ အမြစ်မှ ပြုလဲခြင်းနှင့် လျှပ်စစ်ဓာတ်တိုင်များ လဲကျခြင်းဖြစ်ပေါ်ခဲ့သည်။ထို့အပြင် ယာဉ်အချက်ပြမီးများ ပျက်ကုန်ပြီး ဒေသအတွင်း လျှပ်စစ်ဓာတ်အားပြတ်တောက်ကာ အမှောင်ထုဖုံးလွှမ်းသွားသည်။

ဂန်တာမြို့နေရာ အတော်များများတွင် ထရန်စဖော်မာ လျှပ်တာပြောင်းများစွာပျက်သွားသည်။ ထို့မျှသာမက မိုဘိုင်းဖုန်းကုမ္ပဏီများ၏ဆက်သွယ်ရေးမျှော်စင်များလည်း ပြိုလဲကျခဲ့သည့်အတွက်အဆက်အသွယ်များ ပြတ်တောက်နှောင့်နှေးမှုများ ဖြစ်ခဲ့ရကြောင်း သိရှိရသည်။

မုန်တိုင်းဒဏ် ခံခဲ့ရသောဒေသများ အပျက်အစီးပမာဏကို တိုင်းတာသိရှိနိုင်ရန် သက်ဆိုင်ရာက ဝန်ထမ်းများကို အဆိုပါဒေသသို့ စေလွှတ်ထားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

တရုတ်နိုင်ငံ အနောက်ဘက်ဒေသ ဖွံ့ဖြိုးမှုလုပ်ငန်းများအောင်မြင် ဝန်ကြီးချုပ် ဝမ်ကျားပေါင် သွားရောက်စစ်ဆေး

ဂိုမဒ်(ကျင်ဟိုင်းပြည်နယ်) မေ ၅

တရုတ်နိုင်ငံ ဝန်ကြီးချုပ် ဝမ်ကျားပေါင်သည် ဧပြီလ ၃၀ရက်မှ မေ ၁ရက်နေ့အထိ တရုတ်နိုင်ငံ၏ အနောက်မြောက်ဒေသများဆီသို့ နှစ်ရက်ကြာခရီးလှည့်လည်ခဲ့သည်။နိုင်ငံ၏ အနောက်ပိုင်းဒေသဖွံ့ဖြိုးရေး မဟာဗျူဟာအရ လုပ်ဆောင်ခဲ့မှုများကြောင့်ထိုဒေသအတွင်း သိသာစွာပြောင်းလဲတိုးတက်လာသည်ကို သိရှိကြရပြီးဖြစ်၍ အဆိုပါမူဝါဒကို ဆက်လက်ကျင့်သုံးသွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ဝမ်ကျားပေါင်က ပြောကြားသည်။

အလေးပေး

အနောက်ဘက်ဒေသ ဖွံ့ဖြိုးရေး ဆောင်ရွက်ရာ၌ ဗဟိုအစိုးရအနေဖြင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ အခြေခံအဆောက်အအုံများဆောက်လုပ်ရေး၊ လောင်စာစွမ်းအင် အရင်းအမြစ်များ ဖွံ့ဖြိုးရေး၊ သိပ္ပံနှင့်နည်းပညာတိုးတက်ရေး၊ပညာရေးနှင့် ကျန်းမာရေးမြှင့်တင်ရေးကိစ္စများကို အလေးပေးဆောင်ရွက်ခဲ့ခြင်းသည် မှန်ကန်မှုရှိသည်ဆိုသောအချက်ကို မြင်တွေ့နေရသောရလဒ်များက သက်သေပြလျက်ရှိသည်ဟု ဝန်ကြီးချုပ်က ဆက်လက်ပြောကြားသည်။

ဂိုမဒ်ဒေသသည် ရေနံနှင့် သဘာဝဓာတ်ငွေ့ အရင်းအမြစ် ပေါကြွယ်သော ဒေသဖြစ်သည်။ တရုတ်နိုင်ငံတွင် လောင်စာစွမ်းအင်ဖူလုံရေးအတွက် ရှေ့လာမည့် အနှစ်၂၀အတွင်း မဟာဗျူဟာများချမှတ်ကာ အထူးအလေးပေး ဆောင်ရွက်သွားရန်လိုအပ်သည်။

လုပ်ဆောင်မည်

ရေနံထုတ်လုပ်မှုကို တည်ငြိမ်မှုရှိစေရန် ထိန်းသိမ်းစဉ်အချိန်အတွင်း လောင်စာ စွမ်းအင် သုံးစွဲမှုသက်သာသည့် နည်းနာများကို လုပ်ဆောင်သွားရမည် ဖြစ်ကြောင်း ဝန်ကြီးချုပ်က မှာကြားသည်။

စစ်ဆေး

ထိုခရီးစဉ်အတွင်း ဝန်ကြီးချုပ်သည် ကမ္ဘာပေါ်တွင် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ဆုံးနေရာနှင့် ခရီးလမ်းအရှည်ဆုံးဖြစ်သော ကျင်ဟိုင်းတိဘက်ရထားလမ်းရှိရာဒေသသို့ပါ သွားရောက်လည်ပတ်ကာ တာဝန်ယူဆောက်လုပ်နေသော လုပ်သားကြီးများကို အားပေးစကားပြောကြားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဟောင်ကောင်၌ ကမ္ဘာ့မီးသတ်စွမ်းရည်ပြိုင်ပွဲနှင့် ကွန်ဖရင့်အစည်းအဝေးကျင်းပမည်

ဟောင်ကောင် မေ ၅

ဟောင်ကောင်မီးသတ်ဌာနနှင့် ဟောင်ကောင်မီးသတ်အင်ဂျင်နီယာများအဖွဲ့အစည်းတို့ပူးပေါင်း၍ လာမည့် ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလတွင် နဝမအကြိမ် ကမ္ဘာ့မီးသတ်အဖွဲ့များ စွမ်းရည်ပြိုင်ပွဲကို ကျင်းပသွားရန် စီစဉ်နေသည်ဟု ဟောင်ကောင်မီးသတ်ဌာနမှ သတင်းများထွက်ပေါ်လာသည်။

ထိုပြိုင်ပွဲတွင် ကမ္ဘာ့နိုင်ငံများစွာမှ မီးသတ်သမားများ ထောင်နှင့်ချီ၍ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ ပြိုင်ဆိုင်ကြရာတွင်တစ်ဦးချင်းနှင့် အသင်းလိုက်ပြိုင်ပွဲများ ပါဝင်မည်ဖြစ်ပြီး ပြိုင်ပွဲအမျိုးအစားပေါင်း ၅၀ ကျော်ရှိသည်ဟု ဆိုသည်။

ပြိုင်ပွဲများမှာ ယှဉ်ပြိုင်သူများ၏ မီးသတ်စွမ်းရည်နှင့် ကယ်ဆယ်ရေးလုပ်ငန်းစွမ်းဆောင်ရည်များကို သိရှိနိုင်ရန် စီစဉ်ထားသော ပြိုင်ပွဲများဖြစ်သည်။

အဆိုပါပြိုင်ပွဲများကို တစ်နှစ်ခြားတစ်ကြိမ် ကျင်းပပြုလုပ်သည်။ မီးသတ်အင်ဂျင်နီယာများအသင်းကို ၁၉၁၈ ခုနှစ်ကတည်းကစ၍ အင်္ဂလန်နိုင်ငံတွင် ဖွဲ့စည်းခဲ့သည်။ လက်ရှိအခြေအနေတွင် ကမ္ဘာပေါ်၌ မီးသတ်အင်ဂျင်နီယာအသင်းခွဲပေါင်း ၆၉ဖွဲ့ ရှိသည်။

မီးသတ်စွမ်းရည်ပြိုင်ပွဲများမစတင်မီ ကြိုတင်၍ သုံးရက်ကြာကွန်ဖရင့်တစ်ရပ်ကို ကျင်းပမည်ဖြစ်သည်။ ထိုကွန်ဖရင့်အစည်းအဝေးမှာ မီးဘေးလုံခြုံရေးဆိုင်ရာ အစည်းအဝေးဖြစ်သည်။

ယခင်နှစ်က ဟောင်ကောင်တွင် မီးဘေးကျရောက်မှုကြောင့် လူကိုးဦးအသက်ဆုံးခဲ့ရပြီး ၄၀၅ ဦး ဒဏ်ရာရရှိခဲ့သည်။ ထိုနှစ်တွင် ဘေးဒုက္ခများမှကင်းဝေးရန် ပြည်သူ ၃၃၈၀ ဦးတို့ကို ကယ်တင်နိုင်ခဲ့ပြီး ယင်းသို့ ကယ်ဆယ်ရေးဆောင်ရွက်စဉ်အတွင်း မီးသတ်သမား ၄၆ ဦးမှာ ဒဏ်ရာရရှိခဲ့ကြရသည်။

အမ်အင်အေ၊ဆင်ဟွာ။

အရောင်းမြှင့်တင်

တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ ကုန်တိုက်များတွင် အရောင်းမြှင့်တင်ရေးလုပ်ငန်းများကို ဧပြီလကုန်ပိုင်းနှင့် မေလဆန်းပိုင်းက ဆောင်ရွက်နေကြသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

မယိုမအက် ကွဲမထွက် တက်ညီလက်ညီလျှော်

ရတနာစည်ဆရာတော်(လွိုင်လင်)

(က)

ဤပြည်ထောင်စုမြန်မာနိုင်ငံတော်ရှိ နိုင်ငံသူ၊ နိုင်ငံသားတို့သည် သမိုင်းမတင်မီ ခေတ်ကတည်းက ဤမြေမှာ ပေါက်ဖွားပြီး ဤမြေ၏ သီးနှံကိုစားကာ ဤမြေ၏ ရေကိုသောက်ရင်း ဤမြေကိုတုံ့ပြန်ကောင်းကျိုးပြုသည့် မျိုးချစ်စိတ်ဓာတ်ရှိပြီးသူများ ဖြစ်ခဲ့ကြ၏။ ဘာသာစကား၊ ဝတ်စားဆင်ယင်မှုနှင့် ဓလေ့ထုံးစံများ ကွဲပြားခြားနားကြသည့်တိုင်အောင် ဤမြေကို ချစ်မြတ်နိုးခြင်း၌ မကွဲမပြား တစ်သားတည်းရှိခဲ့ကြသူများ ဖြစ်၏။

ပုဂံခေတ် ပထမမြန်မာနိုင်ငံတော်ကြီးဟူသော လှေကြီးထဲ၌ တစ်ခရီးတည်း စီးခဲ့ကြပြီးနောက် ရေယိုဝင်မှု၊ လှေအက်ကွဲမှုများ ကြုံလာတိုင်း ဝိုင်းဝိုင်းဝန်းဝန်းပြုပြင်ကြကာ နိုင်ငံတော်တည်းဟူသော လှေကြီးကို ကြံ့ခိုင်သစ်လွင်စေရန် ဒုတိယ မြန်မာနိုင်ငံတော်နှင့် တတိယ မြန်မာနိုင်ငံတော်ဟူသော သမိုင်းရေစီး၌ တက်ညီလက်ညီလှော်ခတ်ခဲ့ကြသည့် အစဉ်အလာကြီးမားသူများဖြစ်ခဲ့ကြ၏။

မျိုးနွယ်စုပေါင်း ၁၀၀ ကျော် ရှိခဲ့ရာဝယ် မည်သည့်ခေတ်၌မဆို ညီရင်းအစ်ကိုစိတ်ဓာတ်၊ ညီညွတ်ပေါင်းစည်းစိတ်ဓာတ်၊ နိုင်ငံချစ်စိတ်ဓာတ်တို့ဖြင့် အချင်းချင်း ချစ်ချစ်ခင်ခင် စုစည်းနေထိုင်ခဲ့ကြသူများသာဖြစ်၏။ အထူးသဖြင့် မြတ်ဗုဒ္ဓ၏ အဆုံးအမများဖြစ်သော **"သမဂ္ဂါနံ တပေါ သုခေါ=ညီညွတ်သူတို့၏ ချမ်းသာခြင်း"**ကို လက်ငင်းကျင့်ဆောင်ခံစားနေခဲ့ကြသူများဖြစ်၏။ **"ဝိဝါဒံ ဘယတော ဒိသွာ=ကွဲပြားခြင်းသည် ဘေးဘယာ" "အ ဝိဝါဒဥ္စ ခေမတော= ညီညွတ်ခြင်းသည် အေးသာယာ"**ဟု လိုက်လိုက်လှဲလှဲ ထဲထဲဝင်ဝင် သိမြင်ကျင့်သုံးခဲ့ကြသူများဖြစ်၏။

သည်သို့သော အမျိုးဂုဏ်၊ ဇာတိဂုဏ် အဟုန်မြင့်မားဝင့်ကြွားခဲ့သော မြန်မာနိုင်ငံကို အနောက်ကိုလိုနီနယ်ချဲ့တို့က ၁၈၈၅ခုနှစ် နိုဝင်ဘာလ၌ တစ်နိုင်ငံလုံး ကျွန်ပြုခဲ့သည်တွင် ထိုထိုအမွန်အမြတ်အကောင်းဓာတ်မှန်သမျှ တစ်စစီ တစ်စစီ ကြေမွပြုန်းတီးသွားအောင် အစီအစဉ်ရှိရှိ ဖိနှိပ်စိုးမိုးအုပ်ချုပ်လာခဲ့၏။ ထိုမှမြန်မာနိုင်ငံသားတွေ ပြန်လည်နိုးကြားလာကြကာ ၁၉၄၈ခုနှစ် ဇန်နဝါရီလ၌ တစ်နိုင်ငံလုံး လွတ်လပ်ရေး ပြန်လည်ရရှိလာသောအခါ **"ပြည်ထောင်စုမြန်မာနိုင်ငံတော်"** အဖြစ် အားသစ်မာန်ထား ကြိုးစားထူထောင်ခဲ့ကြရာဝယ် ဒီမိုကရေစီစနစ်ဖြင့် ချီတက်ခဲ့ကြရင်း စနစ်၏ကောင်းကွက်ကို လင်းလက်အောင် မဖော်ဆောင် နိုင်ကြဘဲ စနစ်၏ ဟာကွက်၊ ပျော့ကွက်ထဲ၌သာ သဲသဲလှုပ်နစ်မြုပ်ကာ ကြမ္မာငင်ရသောဖြစ်စဉ် ဖြစ်ရပ်များချည်း ပွမ်းတီးခဲ့ရပါတော့သည်။

အမှန်ပြောရလျှင် အနောက်ကိုလိုနီနယ်ချဲ့တို့သည် မြန်မာနိုင်ငံကို သူတို့စိတ်တိုင်းကျ အုပ်ချုပ်ရစဉ်ကလည်း တောင်ပေါ်နှင့်မြေပြန့် အကန့်ကန့်ကာ သွေးခွဲအုပ်ချုပ်ခဲ့သကဲ့သို့ မပေးမဖြစ်တော့၍ လွတ်လပ်ရေး ပေးရတော့မှာ မုချဟုသိလာရချိန်မှာလည်း သွေးခွဲရေးပိုက်ကွန်ကို ကျယ်ပြန့်စွာ ဖြန့်ချထားခဲ့လေ၏။

လူမျိုးတစ်မျိုးနှင့်တစ်မျိုး မုန်းတီးရေး၊ လူမျိုးကြီး တစ်မျိုး၊ နှစ်မျိုးအပေါ် လူမျိုးငယ်များက မုန်းတီးရေးတို့ကိုသာ အနောက်ကိုလိုနီနယ်ချဲ့တို့က အစီအစဉ်ရှိရှိ သပ်လျှိုထားခဲ့လေ၏။ ရှင်းရှင်းပြောရလျှင် ကိုလိုနီနယ်ချဲ့တို့သည် မပေးမဖြစ်၍ လွတ်လပ်ရေးပေးခဲ့ခြင်းနှင့်အတူ ပြည်ထောင်စုပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုပြိုကွဲရေးတို့ကိုပါ တစ်ပါတည်း ပေးခဲ့ပါလေ၏။

ထို့ကြောင့်ပင် လွတ်လပ်ရေးနှင့်အတူ လူမျိုးရေးအကြောင်းပြု သောင်းကျန်းမှုများ၊ ဝါဒရေးအကြောင်းပြု သောင်းကျန်းမှုများ ပေါ်ပေါက်လာကာ တိုင်းသူပြည်သားတို့မှာ လွတ်လပ်ရေးအရသာ မမြည်းနိုင်သေးခင်မှာပင် သောင်းကျန်းဒဏ် ခါးစည်းခံခဲ့ရပါတော့၏။

၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ ရက်၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်အဖြစ် လွတ်လပ်ရေးရခဲ့ပြီး ၁၉၄၈ခုနှစ် မတ်လ ၂၈ရက်၌ ဗကပတို့ လက်နက်ကိုင်တောခိုခြင်းနှင့်အတူ လူမျိုးစွဲဝါဒ၊ လူမျိုးခွဲဝါဒ၊ တိုင်းရင်းသားချင်း မုန်းတီးရေးဝါဒတို့ဖြင့် လက်နက်ကိုင်သောင်းကျန်းမှု အလျှိုအလျှိုပေါ်ပေါက်ခဲ့ရာ တပ်မတော်ကသာ နိုင်ငံတော်ကို မကာကွယ် မထိန်းမတ်နိုင်ခဲ့လျှင် လွတ်လပ်ရေးရ၍ လအနည်းငယ်အတွင်း ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ပြိုကွဲခဲ့မည် မုချဖြစ်ခဲ့၏။

(ခ)

၁၉၄၉ ခုနှစ်၌ လက်နက်ကိုင်သောင်းကျန်းသူတစ်ဖွဲ့ဖြစ်သော ကေအင်ဒီအိုတို့က ရှမ်းပြည်နယ် အရှေ့တောင်ပိုင်းရှိ နယ်မြေအချို့ကို သိမ်းပိုက်ပြီး သီးခြားကရင်ပြည်နယ် ထူထောင်မည်ဟု ကြွေးကြော်နေချိန်မှာ ရှမ်းစော်ဘွားများနှင့် အဆက်အနွယ်များက ရှမ်းပြည်နယ်ကို ပြည်ထောင်စုမှ ခွဲထွက်ရန် ကြံစည်လုံးပန်းခဲ့ကြကုန်၏။

သည်အချိန်၌ပင် တရုတ်ပြည်ကြီးဝယ် ချန်ကေရှိတ်အစိုးရ အရေးနိမ့်ခဲ့ရာ ယင်းအစိုးရ၏ တရုတ်ဖြူတပ်မကြီး အမှတ်(၉၃)သည် ယူနန်ပြည်နယ်မှ တစ်ဆင့် ရှမ်းပြည်နယ်ထဲသို့ ကျူးကျော်ဝင်ရောက်တပ်စွဲ အခြေချခဲ့၏။ တရုတ်ဖြူများသည် နီးစပ်ရာ နယ်ရှင် ရှမ်းစော်ဘွားများကို လက်ဆောင်ပဏ္ဏာဥစ္စာဓနပေးကမ်းပြီး စည်းရုံးနိုင်ခဲ့သောကြောင့် နယ်ရှင်စော်ဘွားများကိုယ်တိုင်က သဘောကျလက်ခံထားသည့် အနေအထားအထိ ရောက်လာရာ တရုတ်ဖြူများသည် နယ်မြေများ ဆက်လက်တိုးချဲ့လာနိုင်ခဲ့ပြီး မိုင်းမော၊ မိုင်းယန်း၊ မိုင်းယောင်း၊ မိုင်းပန်၊ မိုင်းရှူး၊ မိုင်းပုအွန်၊ ပုံပါကျင်၊ တာချီလိတ်စသည့် နယ်မြေများမှာ တရုတ်ဖြူလွှမ်းမိုးမှု သြဇာအောက် ကျရောက်ခဲ့ရလေ၏။

ထို့ကြောင့် တည်ဆဲဖဆပလအစိုးရက ကုလသမဂ္ဂသို့ တရားဝင်တိုင်ကြားကန့်ကွက်ခဲ့သည့်တိုင် အနောက်နိုင်ငံကြီး၏ အကူအညီ တိုက်ရိုက်ရရှိနေသည့် တရုတ်ဖြူတို့က ရှမ်းပြည်နယ်မှ လုံးဝဆုတ်ခွာပေးခြင်း မရှိ။ သည်တွင် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ကာကွယ်ရန်အလို့ငှာ တပ်မတော်သည် ၁၉၅၂ ခုနှစ်မှစ၍ နဂါးနိုင်စစ်ဆင်ရေး၊ ဘုရင့်နောင်စစ်ဆင်ရေး၊ ရန်ကြီးအောင် စစ်ဆေးရေးတို့ဖြင့် သုံးနှစ်ကြာမျှ တရုတ်ဖြူတို့ကို တိုက်ထုတ်ခဲ့ရ၏။

ဤကာလများအတွင်း၌ပင် ၁၉၅၄ခုနှစ် တွင်တစ်ကြိမ်၊ ၁၉၅၇ ခုနှစ်တွင် တစ်ကြိမ် နှစ်ကြိမ်တိုင်တိုင် စော်ဘွားများနှင့် အဆက်အနွယ်များသည် မိုင်းရယ်မြို့မှာ အစည်းအဝေးများ ပြုလုပ်ကြပြီး ရှမ်းပြည်နယ်ကို ပြည်ထောင်စုမှ ခွဲထွက်ရန် တောင်းဆိုခဲ့ကြ၏။ မြေပေါ်တွင် ပြောင်ပြောင်တင်းတင်း လှုပ်ရှားကြသကဲ့သို့ အခြားတစ်ဖက်မှလည်း လျှို့ဝှက်ကာ မြေအောက်အဖွဲ့များ ပေါ်ပေါက်လာအောင် ဦးဆောင်ခဲ့ကြ၏။ ထိုအချိန်မှစ၍ ရှမ်းပြည်နယ်၌ ပြည်နယ်ခွဲထွက်ရေး၊ ဗမာမုန်းတီးရေးများ ဖြစ်ပွားလာကာ အခြေအနေများ အထူးရှုပ်ထွေးလာခဲ့၏။

သို့သော် တူရူဘက်တွင်မူ တိုးတက်သောအမြင်နှင့်ပြည်ထောင်စု စိတ်ဓာတ်ရှိကြသည့် ပြည်သူ့အင်အားစုများ တိုးပွားလာကာ ပဒေသရာဇ် ဆန့်ကျင်ရေးစိတ်ဓာတ်များ၊ ပြည်ထောင်စုမပြိုကွဲရေး သဘောထားများ ပျံ့နှံ့လာလျက် ရှိနေပြန်၏။ ရှမ်းပြည်နယ်မြောက်ပိုင်း ပါလီမန်အမတ် နမ့်ခမ်းဦးထွန်းအေးက လွှတ်တော်အစည်းအဝေးတွင် စော်ဘွားများ၏ လက်ရှိလုပ်ရပ်များ ရပ်တန့်က ရပ်လျက် စော်ဘွားအာဏာစွန့်လွှတ်ရန်နှင့် ပြည်မမှ ခွဲမထွက်ရန် တင်ပြတောင်းဆိုခဲ့၏။

ထို့ကြောင့် ထိုကာလများ၏ ဖြစ်စဉ်ဖြစ်ရပ်များကို သုံးသပ်ကြည့်သောအခါ ရှမ်းပြည်နယ်၌ မိမိအကျိုးအတွက် မိမိအာဏာကို အစွမ်းကုန် အလွဲသုံးပြီး ပြည်မမှခွဲထွက်လျက် သီးခြားရှမ်းပြည်ထူထောင်ကြမည့် စော်ဘွားများနှင့် အဆက်အနွယ်များက တစ်အုပ်စု၊ ယင်းကိုဆန့်ကျင်ကြသည့် တိုးတက်သော အမြင်ရှိသူများက တစ်အုပ်စုဟူ၍ အုပ်စုနှစ်စု၏ မျက်နှာချင်းဆိုင် အနေအထားကို တွေ့မြင်ရလေ၏။

၁။ စိုင်းနွံ့ ဦးစီးသော နုံစစ်ဟန်အဖွဲ့

၂။ ကျောက်ဝါးခမ်းဦးစီးသော ရှမ်းအမျိုးသားတပ်မတော်

၃။ ခွန်သော်တာ၊ ခွန်ကြာနုနှင့် စိုင်းလှအောင်တို့ ဦးဆောင်သော ရှမ်းပြည် လွတ်လပ်ရေး တပ်မတော်

(ဂ)

ဤသို့ဖြင့် ၁၉၆၀ ပြည့်နှစ်ကာလဝယ် ထိုကာလတည်ဆဲအစိုးရကို မြေပေါ်မြေအောက် ညှပ်ပူးညှပ်ပိတ် အကျပ်ကိုင်ရင်း ရှမ်းပြည်နယ်စော်ဘွားများနှင့် အဆက်အနွယ်များက ဖက်ဒရယ်မူဖြင့် ရှမ်းပြည်နယ်ခွဲထွက်ရေးနှင့် တိုင်းရင်းသားချင်း မုန်းတီးရေးလုပ်ရပ်များကို အပြင်းအထန် လုံးပန်းလျက်ရှိနေလေ၏။

ထိုဖက်ဒရယ်မူနှင့် ပတ်သက်၍ ၁၉၆၂ခုနှစ် ဇန်နဝါရီလ ၈ ရက်တွင် ဝါရင့်ဥပဒေ ပညာရှင်များပါဝင်သည့် အစိုးရအကြံပေးအဖွဲ့က ဤသို့ကြေညာချက် ထုတ်ပြန်ခဲ့၏။

"ရှမ်းပြည်နယ်မှ တင်သွင်းသော ဖက်ဒရယ်ပုံစံမျိုးကိုလက်ခံရန် ကျွန်ုပ်တို့ မထောက်ခံနိုင်ပေ။ အကြောင်းမှာ အဆိုပါပြည်ထောင်စုပုံစံသည် လက်တွေ့အားဖြင့် လုပ်ဆောင်ရန် ဖြစ်နိုင်ဖွယ်ရာမရှိသည့်ပြင် ထိုပုံစံတွင် မကြာမီအတွင်း ပြည်ထောင်စုကြီး ပြိုကွဲပျက်စီးစေမည့် အင်္ဂါလက္ခဏာရပ်များ ပါရှိနေသောကြောင့် ဖြစ်၏။"

ထို့ပြင် ထိုစဉ်ကတည်ရှိခဲ့သည့် ပမညတပါတီကလည်း ဤသို့ ကြေညာခဲ့၏။

> အမှန်ပြောရလျှင် အနောက်ကိုလိုနီနယ်ချဲ့တို့သည် မြန်မာနိုင်ငံကို သူတို့စိတ်တိုင်းကျ အုပ်ချုပ်ရစဉ်ကလည်း တောင်ပေါ်နှင့် မြေပြန့် အကန့်ကန့်ကာ သွေးခွဲအုပ်ချုပ်ခဲ့သကဲ့သို့ မပေးမဖြစ်တော့၍ လွတ်လပ်ရေးပေးရတော့မှာ မုချဟုသိလာရချိန်မှာလည်း သွေးခွဲရေးပိုက်ကွန်ကို ကျယ်ပြန့်စွာ ဖြန့်ချထားခဲ့လေ၏။
>
> လူမျိုးတစ်မျိုးနှင့်တစ်မျိုး မုန်းတီးရေး၊ လူမျိုးကြီး တစ်မျိုး၊ နှစ်မျိုးအပေါ် လူမျိုးငယ်များက မုန်းတီးရေးတို့ကိုသာ အနောက်ကိုလိုနီနယ်ချဲ့တို့က အစီအစဉ်ရှိရှိ သပ်လျှိုထားခဲ့လေ၏။ ရှင်းရှင်းပြောရလျှင် ကိုလိုနီနယ်ချဲ့တို့သည် မပေးမဖြစ်၍ လွတ်လပ်ရေးပေးခဲ့ခြင်းနှင့်အတူ ပြည်ထောင်စုပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုပြိုကွဲရေးတို့ကိုပါ တစ်ပါတည်း ပေးခဲ့ပါလေ၏။

ယင်းအနေအထား၌ စော်ဘွားများ၏ ရှေ့တိုးခြေလှမ်းများအဖြစ် သိန်းနီစော်ဘွား၊ သီပေါစော်ဘွား၊ မိုင်းရှူးစော်ဘွား၊ လဲချားစော်ဘွား၊ ကျေးသီးစော်ဘွား၊ မိုင်းရယ်စော်ဘွား၊ မိုင်းလင်းစော်ဘွား၊ ညောင်ရွှေ စော်ဘွားနှင့်သူ့ဇနီး နန်းဟိန်းခမ်း (မဟာဒေဝီ)တို့ ပူးပေါင်းကာ ရှမ်းပြည်ပြည်သူ့ညီညွတ်ရေးအဖွဲ့ (ရပညဖ) ကို ဖွဲ့စည်းခြင်း၊ ထိုအဖွဲ့က စော်ဘွားများအာဏာ စွန့်လွှတ်ရန်မလိုဘဲ ပင်လုံစာချုပ်အရ (၁၀) နှစ်ပြည့်ပါက ပြည်မမှ ရှမ်းပြည်နယ်ခွဲထွက်ရန် အခိုင်အမာတောင်းဆိုမှုကို ၁၉၅၇ခုနှစ် ဧပြီလ ၂၀ ရက်၌ ဆုံးဖြတ်ချက်များကို တွေ့မြင်ခဲ့ရ၏။

ထို့အတူပင် တိုးတက်သောအမြင်ရှိ၍ ပြည်ထောင်စုစိတ်ဓာတ်ပြည့်ဝကြသည့် ပြည်သူများဘက်က ရှမ်းပြည်လုံးဆိုင်ရာအဖွဲ့ (ရပလဖ)ကို ဖွဲ့စည်းကာ စော်ဘွားများ အာဏာစွန့်လွှတ်ရေး၊ ပြည်မမှ ခွဲမထွက်ရေးတို့ကို ကြွေးကြော် တောင်းဆိုလျက်ရှိကြောင်း တွေ့မြင်ရ၏။

ယင်းအခြေအနေမျိုးတွင် နိုင်ငံကို အုပ်ချုပ်သည့် ဖဆပလအစိုးရအနေဖြင့် ပိုင်ပိုင်နိုင်နိုင် ဖိဖိစီးစီး ကွပ်ကဲနိုင်သည့် အာဏာစက် နုံ့နဲ့ခဲ့ကြောင်း တွေ့မြင်ရပြန်၏။

တစ်ပြိုင်တည်း၌ပင် ညောင်ရွှေစော်ဘွား၏ စတုတ္ထဇနီး နန်းဟိန်းခမ်း (မဟာဒေဝီ)သည် စော်ဘွားများ၏ ထောက်ပံ့ကြေးဖြင့် တက္ကသိုလ်သို့ ရောက်နေသည့် ရှမ်းတိုင်းရင်းသားလူငယ်လူရွယ်များကို မြှောက်ပင့်စည်းရုံးခြင်း၊ နယ်ဘက်ရဲဘက်ဆိုင်ရာ ဝန်ထမ်းများကို လက်သိပ်ထိုး စည်းရုံးခြင်း၊ ရွာသူကြီးနှင့်ရွာအုပ်များကို တိတ်တိတ်ပုန်း စည်းရုံးခြင်း၊ လက်နက်စုဆောင်းခြင်း၊သင်တန်းပေးခြင်းများ ပြုလုပ်ခဲ့ကြောင်း တွေ့မြင်ရပြန်လေ၏။

တစ်ဖန် ကျိုင်းတုံစော်ဘွား၏ ဦးလေး စဝ်ခွန်ဆိတ်နှင့်စိုင်းနွံ့တို့ ဦးစီးပြီး ကာကွယ်ရေးတပ်ဖွဲ့အသွင် လက်နက်ကိုင်အဖွဲ့ ဖွဲ့စည်းခဲ့ရာ အစိုးရက မသင်္ကာ၍ ပုဒ်မ (၅) ဖြင့် စဝ်ခွန်ဆိတ်ကို ထိန်းသိမ်းလိုက်ချိန်တွင် စိုင်းနွံ့မှာ မိုင်းကျွတ်သို့ ထွက်ပြေးတိမ်းရှောင်ရင်း ၁၉၅၈ခုနှစ် မေလ ၂၁ ရက်တွင် နုံစစ်ဟန် (ရဲရင့်သောလူငယ်) အဖွဲ့ကို ထိုင်း-မြန်မာနယ်စပ် ဟွေပုဟော၌ စတင်ဖွဲ့စည်းခဲ့၏။ အစိုးရက ပြန်လွှတ်ပေးလိုက်သည့် စဝ်ခွန်ဆိတ်သည်လည်း ထိုနေရာသို့ ထွက်ပြေးတိမ်းရှောင်ကာ ထိုအဖွဲ့၌ ပါဝင်ကူညီခဲ့လေ၏။

ထိုနုံစစ်ဟန် (ရဲရင့်သောလူငယ်)အဖွဲ့သည် ၁၉၅၉ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်တွင် ရှမ်းပြည်တော်လှန်ရေးစပြီဟု ကြွေးကြော်ကာ တပ်မတော်၏ ပုံပါကျင်စခန်းကို စတင်ဝင်တိုက်ခြင်းဖြင့် ရှမ်းပြည်နယ်၌ သောင်းကျန်းမှု စတင်ခဲ့လေသည်။ တရုတ်ဖြူအပါအဝင် ပြည်ပရန်ကိုသတိကြီးစွာဖြင့် ကာကွယ်နေရသော တပ်မတော်က နုံစစ်ဟန်အဖွဲ့ကို သတိဖြင့် တုံ့ပြန်လိုက်သောအခါ ထိုအဖွဲ့ ခေါင်းဆောင် စိုင်းနွံ့ကိုယ်တိုင်ဒဏ်ရာရပြီး ပြန်လည်ဆုတ်ခွာသွားရလေ၏။

လူမျိုးမုန်းတီးရေး၊ ပြည်ထောင်စုဖြိုခွဲရေးဟူသည့် အလွန်ယုတ်ညံ့သော ရည်ရွယ်ချက်များကြောင့် ထိုအဖွဲ့သည် အချင်းချင်း ညီညွတ်မှု မရှိတော့ဘဲ အကွဲကွဲဖြစ်လာသည်မှာ တစ်နှစ်အတွင်း သုံးခြမ်းဖြစ်လာလေ၏။

"ဖက်ဒရယ်မူကို လေ့လာကြည့်သောအခါ အမှန်မှာ ဖက်ဒရေးရှင်းမှု မဟုတ်ဘဲ ကွန်ဖက်ဒရေးရှင်းမှု ဖြစ်နေသည်ကို တွေ့ရကြောင်း။ အဓိပ္ပာယ်မှာ ဗမာပြည်နယ်အပါအဝင် ပြည်နယ်ပေါင်းချုပ်ဖွဲ့ရန်ဖြစ်ကြောင်း၊ ဤသို့မှမရလျှင် ခွဲထွက်မည်စသော ခြိမ်းခြောက်မှုများ လုပ်လာကြကြောင်း၊ ဤဖက်ဒရယ်မူကို ပုံစံကျကျ၊ ဒီမိုကရေစီကျကျ မကိုင်တွယ်နိုင်ပါက နယ်ချဲ့၏ ရှေ့မှောက်၌ ဒူးထောက်ရသော ယုန်သူငယ်ကဲ့သို့ ပြည်ထောင်စုတွင် အန္တရာယ်ကြီးစွာ ဖြစ်ပေါ်နိုင်ကြောင်း။"

ထို့အတူ တည်မြဲဖဆပလကလည်း ဤသို့ ကြေညာခဲ့၏။

"ဖက်ဒရယ်အရေးကို ထိန်းနိုင်လျှင်ထိန်းနိုင်၊ မထိန်းနိုင်လျှင် တိုင်းပြည်ပြိုကွဲရန်သာ ရှိတော့ကြောင်း"

ထိုမှတစ်ပါး ထိုစဉ်ကတည်ရှိခဲ့သည့် တိုးတက်သောအမြင်ရှိသူများအဖွဲ့အစည်း ရပလဖ(ရှမ်းပြည်လုံးဆိုင်ရာအဖွဲ့)သည် ကြိုကြိုတင်တင် ၁၉၆၁ခုနှစ် ဇူလိုင်လ ၁၃ ရက် ကတည်းက ဤသို့ ထုတ်ပြန်ကြေညာထားခဲ့၏။

"ယနေ့ ရှမ်းပြည်နယ်အတွင်း အာဏာစွန့်စော်ဘွားများ၏ ဆွေတော်မျိုးတော်များ၊ ကျွန်ယုံနှင့် အမှုထမ်းဟောင်းများက လက်နက်စွဲကိုင်၍ ပြည်ထောင်စုကြီးမှ ခွဲထွက်ကာ သီးခြားပဒေသရာဇ်နိုင်ငံ တည်ထောင်ရန် လုပ်ကြံနေချိန်။

"သောင်းကျန်းသူအမည်ခံ၊ လက်နက်ကိုင်အမည်ခံများသည် တရုတ်ဖြူတို့အား ဆရာအဖြစ် ကိုးကွယ် ဆည်းကပ်ကာ ပြည်နယ်တစ်လွှားတွင် ထင်သလို ရမ်းကားနေချိန်။

"ဖက်ဒရယ် (ဝါ) ပြည်ထောင်စုစစ်စစ်မူဟု မျက်နှာဖုံးစွပ်ထားသော စော်ဘွားမူကို ရပလဖက ပြင်းပြင်းထန်ထန် ကန့်ကွက်လိုက်သည်။"

(ဃ)

အနှစ်ချုပ်ဖော်ပြခဲ့ပြီးသော အကြောင်းအရာများကား ၁၉၄၈ခုနှစ် လွတ်လပ်ရေးရပြီးချိန်မှစ၍ ၁၉၆၀ ပြည့်လွန်ကာလများအထိ ဖြစ်ပွားလာခဲ့သော အတိတ်မြန်မာနိုင်ငံ၏ ဒိုက်သရောပွမ်းသည့် စီးကြောင်းလမ်း သမိုင်းမှန်ဖြစ်၏၊ ပြည်မနှင့် ပြည်နယ်အကြား၊ ပြည်နယ်အတွင်းရှိ ရိုးရာအာဏာရှင်များနှင့် အမြင်ကျယ်သူများအကြား ဖြစ်ပွားခဲ့သော နောက်ကျိသည့် သမိုင်းရေစီးမှန်ဖြစ်၏။ ရေနောက်အောင် မည်သူနှောက်သနည်းဟု မေးဖွယ်မလိုသည့် သမိုင်းမှန်ဖြစ်၏။

ယင်းနှင့်စပ်လျဉ်းပြီး ၂၀၀၅ခုနှစ် ဧပြီလ ၂၂ ရက်တွင် နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီက သတင်းစာ ရှင်းလင်းပွဲတစ်ရပ် (၃/၂၀၀၅) ကျင်းပခဲ့ရာ ဖော်ပြပြီးဖြစ်ရပ်များကို ညွှန်းဆိုလျက် သမိုင်းမှန်များကို ပြည်သူတို့ ကျိုးကြောင်းစုံလင်စွာ သိရှိနိုင်အောင် ပြန်ကြားရေး ဝန်ကြီး၌ာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းဦးဆောင်ကာ ရှင်းလင်းခဲ့ပါသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❍

ဖိလစ်ပိုင် ပတ်ဝန်းကျင်နှင့် သဘာဝသယံဇာတဝန်ကြီး ပြန်လည်ထွက်ခွာ နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးခဲ့

ရန်ကုန် မေ ၆

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာမည့် ဖိလစ်ပိုင်သမ္မတနိုင်ငံ ပတ်ဝန်းကျင်နှင့် သဘာဝသယံဇာတရေးရာဝန်ကြီး Hon. Michael T. Defensor **ခေါင်း ဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်သည်။**

ဖိလစ်ပိုင်သမ္မတနိုင်ငံ ပတ်ဝန်းကျင်နှင့် သဘာဝသယံဇာတရေးရာ ဝန်ကြီး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံတွင် နေထိုင်စဉ်အတွင်း သစ်တောရေးရာဝန်ကြီးဌာနနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး အမျိုးသားကော်မရှင်တို့မှ တာဝန်ရှိသူများ၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များ အသင်းတို့မှ တာဝန်ရှိသူများနှင့် နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ဖိလစ်ပိုင်သမ္မတနိုင်ငံ ပတ်ဝန်းကျင်နှင့် သဘာဝ သယံဇာတရေးရာ ဝန်ကြီး Hon. Michael T. Defensor ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာရာ ပို့ဆောင်နှုတ်ဆက်စဉ်။

(သတင်းစဉ်)

နယ်ချဲ့ Road Map

* ညီအစ်ကိုချင်း၊ ကိုယ့်ပြည်တွင်းမှာ ချစ်ခြင်းဖွဲ့နှောင်၊ မေတ္တာဘောင်ကို ကျိုးအောင်ပြုပြီး၊ ရန်စမီးကို စပြီးသူချ၊ ကျွန်ဘဝတွင်း သွတ်ကာသွင်းရန်၊ သူကြံဖန်ခဲ့။
* ရန်မီးရန်စ၊ မာန်ဟုန်ကြွလျက် ဒေါသထန်ပြင်း၊ ချင်းချင်းထသတ် ဖြစ်ရပ်ကိုမြင်၊ သူပျော်ရွှင်ခဲ့။
* ရန်ဖြစ်နေရင်း၊ လည်ပင်းဖက်ပြီး နှောင်ကြိုးညီငယ်၊ တို့လှယ်မေတ္တာ စေတနာရင်း၊ စိတ်တွင်းအရှိ သတိပေါ်ချိန်၊ အရှိန်ကိုသတ် ရန်ပွဲရပ်သော် မပျော်စိတ်တွင်း၊ သူခံပြင်းခဲ့။
* မိသားစုတွင်း၊ စိတ်တွေရှင်း၍ လည်ပင်းဖက်တာ၊ ဖြစ်၍လာသော် မလျော်မကန်၊ သူဆက်ကြံပြီး လုပ်ကြံဇာတ်ခင်း၊ အိမ်နီးချင်းတွေ တွေဝေစိတ်က၊ သံသယဝင် မကောင်းမြင်အောင်၊ သူကြံဆောင်ခဲ့။
* ဒေသအတွင်း၊ အိမ်နီးချင်းတွေ တွေဝေမှုကင်း၊ ချင်းချင်းပြန်လှန် ဖေးမ ဟန်ကို၊ မြင်ပြန်သောခါ စိတ်မှာမကြည်၊ ဟိုသည်ပြစ်ပြော ဒေါသစကား၊ သူပြောကြားကာ ကမ္ဘာ့ပြည်သူ၊ အားကိုယူပြီး သူ့ခရီးကို အပြီးနှင်ရန်၊ သူဆက်ကြံခဲ့။
* နယ်ချဲ့ Road Map၊ ထိုသုံးချက်ကို ပြက်ပြက်ထင်ထင်၊ ဒို့များမြင်ပေါ့ ယခင်ရှိပြီး၊ မေတ္တာထီးကို ပြန်ပြီးတူတကွ ဆောင်းလိုက်ကြစို့၊ ညီနောင်တို့။ ။

ဖိုးဝ

❍ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

"ထိုအချိန်က ပတ်ဝန်းကျင်အခြေအနေကို ကြည့်မည်ဆိုလျှင် အရှေ့တောင်အာရှဒေသတွင် စစ်မီးစတင်လောင်မြိုက်လာချိန်နှင့် တိုက်ဆိုင်နေကြောင်း၊ ထို့ကြောင့် ရှမ်းစော်ဘွားများ၏ ရှမ်းပြည်နယ် ခွဲထွက်ခွင့်ပြုရေး ဖက်ဒရယ် လှုပ်ရှားမှုသည် မြန်မာနိုင်ငံအပေါ် ပြည်ပစွက်ဖက်မှုများ ဝင်ရောက်စေရန် ဖိတ်ခေါ်သကဲ့သို့ ဖြစ်နေကြောင်း၊ တစ်ဖက်၌ နယ်ချဲ့လက်သစ်များ၏ သွေးဆောင်ဖြားယောင်းမှုများကလည်း သိသိသာသာ တိုးပွားများပြားလာသည့်အတွက် မြန်မာနိုင်ငံသည် နယ်ချဲ့တို့ဆင်ထားသည့် ထောင်ချောက်အတွင်း ကျရောက်ပြီး တစ်နိုင်ငံလုံး ပြိုကွဲရတော့မည့် အခြေအနေကို ဆိုက်ရောက်လာခဲ့ကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုမပြိုကွဲရေးနှင့် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ အကျိုးအတွက် တပ်မတော်က ၁၉၆၂ ခုနှစ် မတ်လတွင် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့ရကြောင်း"

သို့ဖြင့် နိုင်ငံတော်၏ နိုင်ငံရေး ရေစီးသည် ပါလီမန်ဒီမိုကရေစီစနစ်မှ ဆိုရှယ်လစ်ဒီမိုကရေစီစနစ်သို့ ပြောင်းလဲစီးဆင်းခဲ့ပြီး တစ်ဖန် ၁၉၈၈ ခုနှစ်တွင် မင်းမဲ့ဝါဒီများ၊ အကြမ်းဖက်ဝါဒများကြောင့် တိုင်းပြည်ကြီး ပျက်စီးလုလု ကြုံရပြန်သောအခါ တပ်မတော်ကပင် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့ရပြန်ကာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားလျက် ပြည်ထောင်စုကြီးတစ်ရပ်လုံး၏အကျိုးကို ပြည်သူတို့နှင့်အတူ သယ်ပိုးစွမ်းဆောင်ခဲ့သည်တွင် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ ခု စီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ် (၅)ရပ် စီမံကိန်းများဖြင့် နိုင်ငံတော်သည် နယ်စပ်ဒေသမကျန်၊ ကျေးလက် ဒေသမကျန် တည်ငြိမ်အေးချမ်းခြင်းနှင့် ဖွံ့ဖြိုး တိုးတက်ခြင်းများ မြင့်မားလာသော ယနေ့ကာလဝယ် နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို မရှုဆိတ်ကြသည့် နယ်ချဲ့လက်သစ်များနှင့် တပည့်နောက်လိုက်များက ပြည်ထောင်စုပြိုကွဲအောင် တစ်ကျော့ပြန်ကြံဆောင်လာကြပုံမှာ ညောင်ရွှေစော်ဘွား စဝ်ရွှေသိုက်၏သား ပြည်ပြေးစဝ်ခမ်ဖ ဦးစီးသည့်အဖွဲ့က ၂၀၀၅ ခုနှစ် ဧပြီလ ၁၇ ရက်တွင် ပြည်ပတစ်နေရာမှနေပြီး ရှမ်းပြည်ယာယီအစိုးရအဖွဲ့ကို ဖွဲ့စည်းကြောင်း ကြေညာခြင်းဖြစ်၏။

ယင်းနှင့်ပတ်သက်၍ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက နိုင်ငံတော်၏ သဘောထားကို ဤသို့ ရှင်းလင်းခဲ့၏။

"ဤဆောင်ရွက်ချက်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားအောင်၊ ဆူဆူပူပူဖြစ်အောင် လှုံ့ဆော်ရာရောက်သည့်အပြင် အလွန်အန္တရာယ်ကြီးမားသည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုပျက်ပြားရေး၊ ပြည်ထောင်စုပြိုကွဲရေးတို့ကို ဦးတည်သည့် လုပ်ရပ်များဖြစ်ကြောင်း၊ ထို့ကြောင့် ဤလုပ်ရပ်များကို လက်ခံမှာမဟုတ်ကြောင်း ရှင်းလင်းပြောကြားလိုကြောင်း"

ထိုလုပ်ရပ်အပေါ် နိုင်ငံတော်က လက်မခံသကဲ့သို့ ရိုးသားဖြူစင်ကြသည့် ရှမ်းပြည်နယ်သားများကိုယ်တိုင်ကလည်း လုံးဝလက်မခံကြပုံ၊ ပြည်ထောင်စုသား လူမျိုးတစ်ရာကျော်တို့ကလည်း လုံးဝဆိုလုံးဝမှလုံးဝ တစ်စက်မျှ လက်မခံကြပုံတို့ကို ဆောင်းပါး အမှတ်(၂)ဖြင့် ဆက်လက်လေ့လာကြရပါမည်။

ယခုဆောင်းပါးအမှတ်(၁)၏ နိဂုံးအဖြစ် သမိုင်းပညာရှင်တစ်ဦးအမြင်ကို ကောက်နုတ်ဖော်ပြလိုပါသည်။ ဦးတင်မောင်ရင်(မဟာဝိဇ္ဇာ)ရေးသား၍ ၁၉၇၆ ခုနှစ် ဖေဖော်ဝါရီလ၌ ထုတ်ဝေခဲ့သော "ရွှေတြိဂံမြေက ဘိန်းဖြူသံသရာ" စာအုပ်ပါ ကောက်နုတ်ချက်ဖြစ်ပါ၏။ ထိုစဉ်က ရှမ်းပြည်နယ်၌ ဖြစ်ပွားနေသော လက်နက်ကိုင် အရှုပ်အထွေးများအပေါ် ထိုသမိုင်းပညာရှင်က ဤသို့ မှတ်တမ်းတင်ခဲ့ပါ၏။

"ရှမ်းပြည်နယ် ပုန်ကန်မှုသည် လွတ်လပ်သော၊ စည်းလုံးညီညွတ်သော ရှမ်းပြည်နယ်ကို မထူထောင်နိုင်။ ကျေးလက်ဒေသများတွင် လက်နက်ဖြင့် အနိုင်ကျင့်သူ စစ်ခေါင်းဆောင် အသေးစားလေးများသာ ထွန်းကားပြီး ရှမ်းလူထုအား မွဲသည်ထက်မွဲစေသည့် ပရမ်းပတာ မင်းမဲ့ခေတ်ကိုသာ ဖန်တီးနိုင်ခဲ့သည်။" ။

အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အစည်းအဝေးသို့ တက်ရောက်ရန်ထွက်ခွာ

ရန်ကုန် မေ ၆

မလေးရှားနိုင်ငံ ပူထရာဂျာရာမြို့၌ မေ ၇ ရက်မှ ၁၀ရက်အထိ ကျင်းပမည့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးသို့ တက်ရောက်ရန် ပြန်ကြားရေး ဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်း ခေတ္တဦးဆောင်ညွှန်ကြားရေးမှူး ဒေါ်မြမြနှင့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့မှ လေကြောင်း ခရီးဖြင့် ထွက်ခွာသွားသည်။

ခေတ္တ ဦးဆောင်ညွှန်ကြားရေးမှူး ဒေါ်မြမြနှင့် ကိုယ်စားလှယ်အဖွဲ့အား ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းတို့မှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာ ကိုယ်စားလှယ်အဖွဲ့တွင် ခေတ္တ ဦးဆောင်ညွှန်ကြားရေးမှူး ဒေါ်မြမြနှင့်အတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်း ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမြင့်သိန်းနှင့် ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်ထားမေတို့ လိုက်ပါသွားကြသည်။

(သတင်းစဉ်)

ပို့ဆောင်နှုတ်ဆက်

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း မလေးရှားနိုင်ငံ ပူထရာဂျာရာမြို့၌ ကျင်းပမည့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေးသို့ တက်ရောက်ရန် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ခေတ္တ ဦးဆောင်ညွှန်ကြားရေးမှူး ဒေါ်မြမြ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာရာ ပို့ဆောင်နှုတ်ဆက်စဉ်။

(သတင်းစဉ်)

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ ဟိုတယ်စီမံကိန်းလုပ်ငန်းများကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၆

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူသည် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုဖြင့် တည်ဆောက်နေသော ဟိုတယ်စီမံကိန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အေးမြင့်ကြူသည် ရွှေဦးစွာ ကန်တော်ကြီး ကန်ရိပ်သာလမ်းရှိ Shangri-La ဟိုတယ်စီမံကိန်း၏ တည်ဆောက်ပြီးစီးမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဟိုတယ်ဝင်းအတွင်း သန့်ရှင်းသပ်ရပ်ရေး၊ ကန်တော်ကြီး ပတ်ဝန်းကျင်နှင့် လိုက်ဖက်ညီစွာမြေအခင်းအကျင်းပြုပြင်ရေး၊ လုပ်ငန်းစီမံကိန်းများ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် အထက်ပန်းဆိုးတန်းလမ်းရှိ Rose Garden ဟိုတယ်စီမံကိန်းသို့ သွားရောက်စစ်ဆေးပြီး ဟိုတယ်ပဏာမ ဖွင့်လှစ်နိုင်ရေးနှင့် ဟိုတယ်ဝင်းအတွင်း မြေအခင်းအကျင်းပြုပြင်ပြီး သာယာလှပရေးတို့ကို စီမံဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဆူးလေဘုရားလမ်းနှင့် ကုန်သည် လမ်းထောင့်ရှိ Hotel Sofitel စီမံကိန်းသို့ သွားရောက်ပြီး တည်ဆောက်ရေး လုပ်ငန်းများ တိုးတက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို မှာကြားသည်။

(သတင်းစဉ်)

ပထမတန်း အမှတ်ပေး ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် မေ ၆

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၀၄–၂၀၀၅ ခုနှစ် ဘောလုံးရာသီပထမတန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၄ နာရီတွင် စမ်းချောင်းမြို့နယ် ပဒုမ္မာအားကစားကွင်း၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲတွင် သတ္တုတွင်းဝန်ကြီးဌာနအသင်းနှင့် အမှတ်(၁)စက်မှု ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ သတ္တုတွင်းအသင်းက သုံးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

(သတင်းစဉ်)

✧ ကျောဖုံးမှ

ညောင်ရွှေမြို့သို့ သွားရောက်ပြီး ညောင်ရွှေမြို့ ဖောင်တော်ပြန် လှေဆိပ်မှတစ်ဆင့် စက်တပ်ရေယာဉ်များဖြင့် အင်းလေးဒေသ ဖောင်တော်ဦးဘုရားသို့ ရောက်ရှိ၍ ဗုဒ္ဓရုပ်ပွားတော်များအား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် ရွှေသက်န်းများဖြင့် ကပ်လှူပူဇော်ကာ ဂေါပကအဖွဲ့ဥက္ကဋ္ဌထံ စုပေါင်းအလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် လူငယ်လေ့လာရေးအဖွဲ့ဝင်များသည် အင်းလေးဒေသ အလိုတော်ပေါက်ဘုရားသို့ ရောက်ရှိဖူးမြော်ကြည်ညိုပြီး ဥက္ကဋ္ဌ ဦးမြင့်အောင်က ဘုရားသမိုင်းကို ရှင်းလင်းပြောကြားကာ ဒေသထွက် ဆန်လုံးစေ့ကြော်၊ တို့ဟူးခေါက်ကြော်များဖြင့် ဧည့်ဝတ်ပြုသည်။

အင်းပေါ်ခုံရှိ မြစကြာရက်ကန်းရုံ၊ ပန်းပဲ၊ ရေပေါ်စိုက်ခင်းနှင့် ငါးဖယ်ချောင်းကျောင်း၌ ကြောင်ကလေးများကြိုးကွင်း ကစားနေမှုများကို သွားရောက်လေ့လာကြသည်။

လူငယ်လေ့လာရေးအဖွဲ့ဝင်များသည် မေ ၄ရက် နံနက်ပိုင်းတွင် စက်လှေများဖြင့် ညောင်ရွှေမြို့သို့ ပြန်လည်ထွက်ခွာလာရာ လမ်းခရီးတွင် ရေလယ်ဗိုလ်တဲ၊ နန့်သဲသစ်ခွခြံ စိုက်ခင်းများကို ဝင်ရောက် လေ့လာ၍ ညောင်ရွှေမြို့ကို ဖြတ်သန်းပြီး ပတ္တမြားဝိုင်စက်ရုံ၊ ပတ္တမြားသကြားစက်ရုံများကို သွားရောက်လေ့လာကြသည်။

ဆက်လက်၍ လူငယ်လေ့လာရေးအဖွဲ့ဝင်များသည် တောင်ကြီးမြို့နယ် အေးသာယာစက်မှုဇုန်သို့ ရောက်ရှိပြီး သံရည်ကျိုစက်ရုံစီမံကိန်းကို လည်းကောင်း၊ မိုင်းတုံကားပစ္စည်းများ ထုတ်လုပ် ရောင်းချရေးလုပ်ငန်းကို လည်းကောင်း လှည့်လည်လေ့လာကြသည်။

ထိုမှတစ်ဆင့် လူငယ်လေ့လာရေးအဖွဲ့ဝင်များသည် တောင်ကြီးမြို့သို့ ရောက်ရှိပြီး ပြည်နယ်အသင်းရုံး၌ ကျင်းပသော ပြည်နယ်နှင့်တိုင်း လူငယ်လေ့လာရေးအဖွဲ့ဝင်များအား ကြိုဆိုသည့် အခမ်းအနားသို့ တက်ရောက်ကြသည်။ အခမ်းအနားတွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က ကြိုဆိုနှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး လူငယ်လေ့လာရေးအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ (သတင်းစဉ်)



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းလူငယ်များ လေ့လာရေးနှင့် အတွေ့အကြုံဖလှယ်ရေးအစီအစဉ်အရ မန္တလေးတိုင်းသို့ လေ့လာရေး ခရီးရောက်ရှိနေသည့် ပြည်နယ်နှင့်တိုင်းများမှ လူငယ်ကိုယ်စားလှယ်အဖွဲ့ဝင်များ မန္တလေး မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုစဉ်။ (သတင်းစဉ်)

လူငယ်လေ့လာရေးအဖွဲ့ဝင်များ မန္တလေးမြို့၌လေ့လာ

ရန်ကုန် မေ ၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ပြည်နယ်နှင့်တိုင်းများသို့ အပြန်အလှန် လေ့လာရေးအစီအစဉ်အရ မန္တလေးမြို့၌ရောက်ရှိနေသော ပြည်နယ်နှင့်တိုင်းအသီးသီးမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လူငယ်လေ့လာရေးအဖွဲ့သည် မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးတင်ဝင်းနှင့် တိုင်းအလုပ်အမှုဆောင် ဦးတင့်လွင်ဦးတို့ လိုက်ပါလျက် မေ ၅ရက် နံနက် ၇နာရီခွဲတွင် မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးသို့ ရောက်ရှိကြရာ ဂေါပကအဖွဲ့ဝင်များနှင့် ချမ်းအေးသာစံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များက ကြိုဆိုကြသည်။

ထို့နောက် လူငယ်လေ့လာရေးအဖွဲ့ဝင်များသည် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးနံ့သာများဖြင့် ကပ်လှူပူဇော်ကန်တော့ကြပြီး လေ့လာရေးလူငယ်အဖွဲ့က စုပေါင်း အလှူငွေကျပ် ၁၂၀၀၀ကို ပေးအပ်လှူဒါန်းကြရာ ရုံးအဖွဲ့မှူး ဦးအုန်းရွှေက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။ ဆက်လက်၍ လူငယ်လေ့လာရေးအဖွဲ့ဝင်များသည် ဘုရားကြီးအား လက်ယာရစ်တစ်ပတ် လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥသျှောင်ရပ်ကွက်ရှိ ကျောက်ဆစ်တန်းသို့ ရောက်ရှိကြပြီး မြန်မာ့လက်မှုနိဗ္ဗာန်ကုန်ကျောက်ဆစ်လုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ လူငယ်လေ့လာရေးအဖွဲ့ဝင်များသည် မန္တလေးတိုင်းအသင်းရုံးသို့ ရောက်ရှိကြပြီး အသင်းရုံး အစည်းအဝေးခန်းမ၌ မိမိတို့ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ လူငယ်ရေးရာ လှုပ်ရှားမှုများနှင့် ပတ်သက်၍ လက်ရှိဆောင်ရွက်နေမှုများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို တွေ့ဆုံဆွေးနွေးညှိနှိုင်းကြရာ တိုင်းအသင်း အတွင်းရေးမှူး ဦးတင်မောင်ဦးက အမှာစကားပြောကြားပြီး လူငယ်ကိုယ်စားလှယ်များက အသီးသီးဆွေးနွေး ကြသည်။

ယင်းနောက် လေ့လာရေးလူငယ်အဖွဲ့ဝင်များသည် ဈေးချိုတော်သို့ ရောက်ရှိကြရာ ဈေးအကျိုးတော်ဆောင်ဥက္ကဋ္ဌ၊ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးကျော်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထိုမှတစ်ဆင့် လူငယ်လေ့လာရေးအဖွဲ့ဝင်များသည် မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးစိန်မြင့်၏ ရွှေချည်ထိုးလုပ်ငန်းသို့ သွားရောက်ကြည့်ရှု လေ့လာကြပြီး မန္တလေးတောင်သို့သွားရောက်ကြည့်ရှု လေ့လာကြသည်။ (သတင်းစဉ်)

လူငယ်လေ့လာရေးအဖွဲ့ဝင်များ ပြည်မြို့၌ လှည့်လည်လေ့လာ

ရန်ကုန် မေ ၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ပြည်နယ်နှင့်တိုင်းများသို့ အပြန်အလှန်လေ့လာရေး အစီအစဉ်အရ ပြည်မြို့သို့ရောက်ရှိနေသော လူငယ်လေ့လာရေးအဖွဲ့သည် မေ ၅ရက်တွင် ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမင်းဟန်၊ တိုင်း၊ ခရိုင်၊ မြို့နယ်အသင်း အလုပ်အမှုဆောင်များနှင့်အတူ လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီး ရင်ပြင်တော်၌ သန့်ရှင်းရေးလုပ်အား ဒါနကုသိုလ်ပြုကြပြီး ရင်ပြင်၌ စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ပြည်တက္ကသိုလ်သို့ သွားရောက်ကြရာ ဒုတိယပါမောက္ခချုပ် ဦးဝင်းမြင့်နှင့် ပါမောက္ခ၊ ဌာနမှူးများ၊ ဆရာ၊ဆရာမများက ကြိုဆိုကြပြီး တက္ကသိုလ်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် ရတနာတန်းဝင်ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ အပါအဝင် အပင် ၁၀၀ကျော် စိုက်ပျိုးကြသည်။ ယင်းနောက် ပြည်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဦးဝင်းမြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် တက္ကသိုလ်သမိုင်းအကြောင်း ရှင်းလင်းပြောကြားပြီး လူငယ်လေ့လာရေးအဖွဲ့ဝင်များက တစ်ဦးချင်း မိတ်ဆက်ကြသည်။

ထို့နောက် ပြည်မြို့နဝဒေးမြစ်ကူးတံတား ရှုခင်းသာ၌ အပန်းဖြေလေ့လာကြသည်။ (သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လူငယ်များလေ့လာရေးနှင့် အတွေ့အကြုံဖလှယ်ရေးအစီအစဉ်အရ ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်မြို့သို့ လေ့လာရေးခရီးရောက်ရှိနေသည့် ပြည်နယ်နှင့်တိုင်းများမှ လူငယ်ကိုယ်စားလှယ်အဖွဲ့ဝင်များ ပြည်မြို့ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး ဘုရားရင်ပြင်တော်၌ သန့်ရှင်းရေးဒါနကုသိုလ်ပြုကြစဉ်။ (သတင်းစဉ်)

လူငယ်လေ့လာရေးအဖွဲ့ဝင်များ ဧရာဝတီတိုင်းအတွင်း လှည့်လည်လေ့လာ

ရန်ကုန် မေ ၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင်လူငယ်များ အပြန်အလှန် လေ့လာရေးနှင့် အတွေ့အကြုံ ဖလှယ်ရေးအစီအစဉ်အရ ဧရာဝတီတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုများကို လေ့လာရန်အတွက် ပြည်နယ်နှင့်တိုင်းအသီးသီးမှ လူငယ်လေ့လာရေးအဖွဲ့ဝင်များအား မေ ၂ ရက် နံနက်ပိုင်းတွင် ဗိုလ်မြတ်ထွန်းတံတား ရှင်းလင်းဆောင်၌ ဗိုလ်မြတ်ထွန်းတံတား ရေရှည်တည်တံ့ခိုင်မြဲမှု ထိန်းသိမ်းရေးတာဝန်ခံ လက်ထောက်အင်ဂျင်နီယာ ဦးစိုးမောင်က တံတားနှင့်ပတ်သက်သည့် အချက်အလက်များကို မြေပုံကားချပ်များဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်လေ့လာရေးအဖွဲ့ဝင်များသည် ကန်ကြီးထောင့်မြို့နယ် ဒါးကကျေးရွာရှိ ရွှေမေတ္တာ ဇီဝဓာတ်မြေသြဇာစက်ရုံသို့လည်းကောင်း၊ ပုသိမ်တက္ကသိုလ် ဇီဝနည်းပညာဖွံ့ဖြိုးရေးဌာနသို့လည်းကောင်း၊ ပုသိမ်မြို့ရှိ ဒေသထွက် ရွှေမြင်းပုံဟာလဝါလုပ်ငန်းသို့လည်းကောင်း၊ ယုဇနကုမ္ပဏီက ငဝန်မြစ်အတွင်း ဆောင်ရွက်လျက်ရှိသည့် အအေးခန်းနှင့် ငါးမွေးမြူရေးကန်များသို့လည်းကောင်း၊ အမှတ်(၄)အထပ်သား စက်ရုံသို့လည်းကောင်း သွားရောက်ကြည့်ရှုလေ့လာကြသည်။

လူငယ်လေ့လာရေးအဖွဲ့ဝင်များသည် မေ ၃ ရက် နံနက်ပိုင်းတွင် ပုသိမ်မြို့ အစိုးရနည်းပညာကောလိပ်ရှေ့၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင် တက်ရောက်ချီးမြှင့်သည့် လူငယ်လေ့လာရေး အထိမ်းအမှတ်အဖြစ် ကံ့ကော်နှင့် ခရေပင်များ စိုက်ပျိုးခဲ့သည်။ ဆက်လက်၍ နံနက် ၈ နာရီခွဲတွင် တိုင်းအသင်းရုံး အစည်းအဝေးခန်းမ၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က လူငယ်လေ့လာရေးအဖွဲ့ဝင်များအား တွေ့ဆုံအမှာစကားပြောကြားသည်။

လူငယ်လေ့လာရေးအဖွဲ့ဝင်များသည် မေ ၄ ရက်တွင် မအူပင်တက္ကသိုလ်သို့ လည်းကောင်း၊ မအူပင်အစိုးရနည်းပညာကောလိပ်သို့လည်းကောင်း၊ မအူပင်ဆေးရုံသို့လည်းကောင်း၊ ဝါးတောငါးမွေးမြူရေးကန်သို့ လည်းကောင်း သွားရောက်ကြည့်ရှု လေ့လာကြသည်။ (သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လူငယ်များလေ့လာရေးနှင့် အတွေ့အကြုံဖလှယ်ရေးအစီအစဉ်အရ ဧရာဝတီတိုင်း ပုသိမ်မြို့သို့လေ့လာရေးခရီးရောက်ရှိနေသည့် ပြည်နယ်နှင့်တိုင်းများမှ လူငယ်ကိုယ်စားလှယ်အဖွဲ့ဝင်များ ငဝန်မြစ်အတွင်း သံလှောင်အိမ်စနစ်ဖြင့် ငါးမွေးမြူနေမှုကို ကြည့်ရှုလေ့လာကြစဉ်။(သတင်းစဉ်)

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပမည့် လူငယ်နှီးနှောဖလှယ်ပွဲသို့ တက်ရောက်ကြမည့် လူငယ်ကိုယ်စားလှယ်များ စုံညီစွာရောက်ရှိ

ရန်ကုန် မေ ၆

ပုဂံ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပမည့် လူငယ်နှီးနှောဖလှယ်ပွဲသို့ တက်ရောက်ကြမည့် မြန်မာနိုင်ငံအရပ်ရပ်ရှိ ပြည်နယ်နှင့်တိုင်းများမှ လူငယ်ကိုယ်စားလှယ်များသည် ယနေ့တွင် မော်တော်ယာဉ်၊ မီးရထား၊ လေကြောင်းခရီးတို့ဖြင့် ပုဂံ-ညောင်ဦးမြို့သို့ စုံညီစွာရောက်ရှိကြသည်။

တည်းခို

ထိုသို့ရောက်ရှိကြရာတွင် မြန်မာနိုင်ငံတစ်ဝန်းလုံးမှ လူငယ်ကိုယ်စားလှယ်များနှင့် ပုဂံဒေသနေ ပြည်သူများ ထိတွေ့ရင်းနှီးမှု၊ ချစ်ကြည်မှု ပိုမိုရရှိကြပြီး မိဘပြည်သူများ၏ ဘဝကို ပိုမိုသိမြင်နားလည်ကာ ပြည်ထောင်စုစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားရေးကို ရည်ရွယ်လျက် လူငယ်နှီးနှောဖလှယ်ပွဲသို့ တက်ရောက်လာကြသည့် ပြည်နယ်နှင့် တိုင်းအသီးသီးမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း လူငယ် ကိုယ်စားလှယ်များသည် ပုဂံ-ညောင်ဦးဒေသ ရပ်ကွက်အသီးသီးရှိ ဒေသခံပြည်သူများ၏ နေအိမ်များ၌ စခန်းချ တည်းခိုနေထိုင်လျက်ရှိကြသည်။

ယင်းအစီအစဉ်အရ ကချင်ပြည်နယ်မှ ကိုယ်စားလှယ် ၃၄ဦးတို့သည် ညောင်ဦးမြို့ အမှတ်(၁) ရပ်ကွက်၌ လည်းကောင်း၊ ကယားပြည်နယ်မှ ကိုယ်စားလှယ် ၃၄ ဦးတို့သည် ညောင်ဦးမြို့ အမှတ်(၂) ရပ်ကွက်၌ လည်းကောင်း၊ ကရင်ပြည်နယ်မှ ကိုယ်စားလှယ် ၃၄ ဦးတို့သည် ညောင်ဦးမြို့ အမှတ်(၃) ရပ်ကွက်၌ လည်းကောင်း၊ ချင်းပြည်နယ်မှ ကိုယ်စားလှယ် ၃၄ဦးတို့သည် ညောင်ဦးမြို့ အမှတ်(၄) ရပ်ကွက်၌ လည်းကောင်း၊ တနင်္သာရီတိုင်းမှ ကိုယ်စားလှယ် ၃၄ဦးတို့သည် ညောင်ဦးမြို့ အမှတ်(၅) ရပ်ကွက်၌ လည်းကောင်း၊ မွန်ပြည်နယ်မှ ကိုယ်စားလှယ် ၃၄ဦးတို့သည် ညောင်ဦးမြို့ အမှတ်(၆) ရပ်ကွက်၌လည်းကောင်း၊ မန္တလေးတိုင်းမှ ကိုယ်စားလှယ် ၃၄ဦးတို့သည် ညောင်ဦးမြို့နယ် ဝက်ကြီးအင်းကျေးရွာ၌လည်းကောင်း အသီးသီး တည်းခိုနေထိုင်ကြသည်။

နေထိုင်

အလားတူ ရန်ကုန်တိုင်းမှ ကိုယ်စားလှယ် ၃၄ဦးတို့သည် ညောင်ဦးမြို့နယ် တောင်ဘီကျေးရွာ၌ လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ကိုယ်စားလှယ် ၃၄ ဦးနှင့် ရခိုင်ပြည်နယ်မှ ကိုယ်စားလှယ် ၃၄ဦးတို့သည် ညောင်ဦးမြို့ ကျန်စစ်သားရပ်ကွက်၌လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့မှ ကိုယ်စားလှယ် ၃၄ဦးစီတို့သည် ညောင်ဦးမြို့ အနော်ရထာရပ်ကွက်၌ လည်းကောင်း၊ ပဲခူးတိုင်း(အရှေ့ပိုင်း)မှ ကိုယ်စားလှယ် ၃၄ဦးတို့သည် ညောင်ဦးမြို့ သီရိပစ္စယာ ရပ်ကွက်၌လည်းကောင်း၊ စစ်ကိုင်းတိုင်းမှ ကိုယ်စားလှယ် ၃၄ဦးတို့သည် ညောင်ဦးမြို့နယ် သန့်စင်ကြယ်ကျေးရွာ၌ လည်းကောင်း၊ ဧရာဝတီတိုင်းမှ ကိုယ်စားလှယ် ၃၄ဦးတို့သည် ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာ၌ လည်းကောင်း၊ မကွေးတိုင်းမှ ကိုယ်စားလှယ် ၃၄ဦးတို့သည် ညောင်ဦးမြို့နယ် ဖွားစောကျေးရွာ၌ လည်းကောင်း၊ ပဲခူးတိုင်း(အနောက်ပိုင်း) မှ ကိုယ်စားလှယ် ၃၄ဦးတို့သည် ညောင်ဦးမြို့နယ် တောင်ဘ ကျေးရွာ၌ လည်းကောင်း အသီးသီး တည်းခိုနေထိုင်ကြသည်။

ပြည်သူ့အကျိုးပြု

ယင်းသို့ ဒေသခံပြည်သူများ၏ နေအိမ်များတွင် တည်းခိုနေထိုင်ကြစဉ်အတွင်း ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ပြည်သူ့အကျိုးပြု လုပ်ငန်းများကို ဝိုင်းဝန်း လုပ်ဆောင်ပေးကြရင်း မိသားစုအသွင်ဖြင့် ရင်းရင်းနှီးနှီး နေထိုင်လျက်ရှိကြသည်။(သတင်းစဉ်)

ရောက်ရှိ

ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေ၌ ကျင်းပမည့် လူငယ်နှီးနှောဖလှယ်ပွဲသို့ တက်ရောက်ကြမည့် မြန်မာနိုင်ငံအရပ်ရပ်ရှိ ပြည်နယ်နှင့်တိုင်းများမှ လူငယ်ကိုယ်စားလှယ်များ ပုဂံ-ညောင်ဦးမြို့သို့ ရောက်ရှိလာကြစဉ်။

(သတင်းစဉ်)

ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေ၌ ကျင်းပမည့် လူငယ်နှီးနှောဖလှယ်ပွဲသို့ တက်ရောက်ကြမည့် မြန်မာနိုင်ငံအရပ်ရပ်ရှိ ပြည်နယ်နှင့်တိုင်းများမှ လူငယ်ကိုယ်စားလှယ်များ ပုဂံ-ညောင်ဦးမြို့သို့ ရောက်ရှိလာကြစဉ်။

(သတင်းစဉ်)

လူငယ်လေ့လာရေးအဖွဲ့ဝင်များ မြစ်ကြီးနားမြို့၌ လှည့်လည်လေ့လာ

ရန်ကုန် မေ ၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ပြည်နယ်နှင့်တိုင်းများ အပြန်အလှန်လေ့လာရေးနှင့် အတွေ့အကြုံဖလှယ်ရေး အစီအစဉ်အရ ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ရောက်ရှိလာသည့် ပြည်နယ်နှင့်တိုင်းအသီးသီးမှ လူငယ်လေ့လာရေးအဖွဲ့ဝင်များသည် ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးရားဝမ်ဂျူနှင့်ပြည်နယ်အလုပ်အမှုဆောင်များ လိုက်ပါလျက် မေ ၃ရက် နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့နယ် ရွှေအိုက်ကျေးရွာအနီးရှိ နည်းပညာကောလိပ် ဥပစာ၌ကျင်းပသည့် လေ့လာရေးခရီးစဉ် အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်ပြီး စုစုပေါင်းပျိုးပင် ၁၀၀၀ကျော်ကို တပျော်တပါး စုပေါင်းပြီး အမှတ်တရ စိုက်ပျိုးကြသည်။

ထို့နောက် လူငယ်လေ့လာရေးအဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ကျင်းပသော ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ပြည်နယ်နှင့်တိုင်း အပြန်အလှန်လေ့လာရေးနှင့် အတွေ့အကြုံဖလှယ်ရေးခရီးစဉ် လူငယ်ကိုယ်စားလှယ်များ အတွေ့အကြုံဖလှယ်ရေး ဆွေးနွေးပွဲသို့ တက်ရောက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက်၌ ဒေသအလိုက် လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး ပိုမိုဖွံ့ဖြိုးတိုးတက်မှုနှင့် မူးယစ်ဆေးဝါး ပပျောက်ရေးလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မှု၊ အသင်းအဆင့်ဆင့်က ကျေးလက်ဒေသဖွံ့ဖြိုးရေးအောင်မြင်စွာ အကောင်အထည်ဖော်ဆောင်မှု စသည့် ပြည်သူ့အကျိုးပြု လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေများကို ပြည်နယ်နှင့်တိုင်းအလိုက် လူငယ်ကိုယ်စားလှယ်များက အသီးသီးဆွေးနွေးတင်ပြကြသည်။

လူငယ်လေ့လာရေးအဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် မြစ်ကြီးနားမြို့ ပြည်သူ့ဈေး အမှတ်(၁)နှင့် (၂)သို့ သွားရောက်ကြည့်ရှု လေ့လာကြသည်။

လူငယ်လေ့လာရေးအဖွဲ့ဝင်များသည် ညပိုင်းတွင် ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက၊ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးနှင့် ဇနီး ရုရှားနိုင်ငံ၏ နှစ် (၆၀) ပြည့် ဖက်ဆစ်ဝါဒ အောင်ပွဲနေ့အခမ်းအနားသို့ တက်ရောက်လာရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး H.E.Mr. Oleg V. Kabanov နှင့် ဇနီး တို့က ကြိုဆိုနှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)

အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲ ကိုယ်စားလှယ်များအား ဝန်ကြီး ဦးသန်းအောင် တွေ့ဆုံ

ရန်ကုန် မေ ၆

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်သည် ၂၀၀၅ ခုနှစ် အခြေခံပညာကဏ္ဍ အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲ(ရန်ကုန်)သို့ တက်ရောက်လျက်ရှိသည့် ပညာရေးကိုယ်စားလှယ်များအား ယနေ့နံနက် ၁၀နာရီခွဲတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်းရှိ စိန်ရတုခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်၊ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ ဥက္ကဋ္ဌ၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ စာစစ်အဖွဲ့ဥက္ကဋ္ဌ၊ တာဝန်ရှိသူများနှင့် ပညာရေးကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က ၂၀၀၅ ခုနှစ် အခြေခံပညာကဏ္ဍ အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲတွင် တင်သွင်းဆွေးနွေးခဲ့ကြသည့် စီမံကိန်းအထောက်အကူပြု စာတမ်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်ကြရန် မှာကြားသည်။

အခြေခံပညာကဏ္ဍ ၂၀၀၅ ခုနှစ် အမျိုးသား ပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲ(ရန်ကုန်)တတိယနေ့ အစီအစဉ်များကို ယနေ့နံနက် ၈နာရီတွင် စတင်ကျင်းပရာ ရခိုင်ပြည်နယ် ပြည်နယ်ပညာရေးမှူး (စစ်ဆေးရေး) ဦးအောင်ဇံဝေ၊ မွန်ပြည်နယ် လက်ထောက် ပြည်နယ်ပညာရေးမှူး (စစ်ဆေးရေး) ဦးမင်းကျော်ဝေ၊ ဧရာဝတီတိုင်း ပညာရေးမှူး (စစ်ဆေးရေး) ဦးခင်မောင်ရီ၊ ပဲခူးတိုင်း (အရှေ့ပိုင်း) ပညာရေးမှူး(စီမံ) ဦးသုခ၊ ဘိုကလေးပညာရေး ကောလိပ်ကျောင်းအုပ်ကြီး ဒေါ်ခင်ခင်ဌေးနှင့် ပဲခူးတိုင်း(အနောက်ပိုင်း) ပညာရေးမှူး (စီမံ) ဦးသိန်းလှိုင်တို့က ၂၀၀၃ခုနှစ်နှင့် ၂၀၀၄ ခုနှစ် စီမံကိန်း အထောက်အကူပြုစာတမ်းများအပေါ် အကောင်အထည်ဖော်မှုနှင့် ၂၀၀၅ ခုနှစ်စာတမ်းများအပေါ် ဖြည့်စွက်အကြံပြုချက်များကို ရှင်းလင်းတင်ပြကြပြီး နံနက်ပိုင်း အစီအစဉ်များကို ခေတ္တရပ်နားသည်။

နှီးနှောဖလှယ်ပွဲကို မွန်းလွဲ ၁နာရီတွင် ဆက်လက်ကျင်းပရာ အမှတ်(၁) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ညို၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူ၊ မြန်မာနိုင်ငံ ပညာရေးသုတေသန အဖွဲ့ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဟန်၊ မြန်မာနိုင်ငံစာစစ်အဖွဲ့ ဥက္ကဋ္ဌ သူရဦးအောင်ထွန်းနှင့် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းတို့က ပြန်လည်ရှင်းလင်း ဆွေးနွေးကြပြီး တတိယနေ့အစီအစဉ်ကို ရပ်နားလိုက်သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၇-၅-၂၀၀၅ (စနေနေ့)

၁၃၆၇ခုနှစ်၊ ဦးတန်ခူးလကွယ် (ဥပုသ်နေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးစူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ အတီးပြိုင်ပွဲ
- ၈:၁၀ ၆။ တေးဂီတအစီအစဉ်
- ၈:၂၀ ၇။ စွန်ချောင်းရေလှောင်တမံ
- ၈:၃၀ ၈။ International News.
- ၈:၄၅ ၉။ Happy and Educational English Summer Course MRTV
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
- ၁၁:၃၀ ၃။ ပြည်တွင်းသတင်း
- ၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၂:၀၅ ၅။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂:၅၅ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ပန်းမေတ္တာ"(အပိုင်း-၃၂) (ဇာတ်သိမ်းပိုင်း)**
- ၁:၃၀ ၇။ စီမံအုပ်ချုပ်မှုဒီပလိုမာသင်တန်း နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်
- ၁:၄၀ ၈။ **"အဖြူရောင်မေတ္တာ" (မင်းမော်ကွန်း၊ရီဝေယံ၊ ဆုပိုပိုအောင်) [ဒါရိုက်တာ-အောင်မြင့်မြတ်]**
- ၂:၃၅ ၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၂:၄၅ ၁၀။ International News.
- ၃:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English for Everyday Use
- ၄:၄၀ ၄။ တေးဂီတအစီအစဉ်
- ၄:၅၅ ၅။ **အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (သင်္ချာ၊ဓာတုဗေဒ၊ရူပဗေဒ အထူးပြုများ) (သင်္ချာ)**
- ၅:၁၀ ၆။ လက်ဆင့်ကမ်းအမွေ(ရုပ်သေး)
- ၅:၁၅ ၇။ တေးဂီတအစီအစဉ်
- ၅:၃၀ ၈။ အတီးပြိုင်ပွဲ
- ၅:၄၅ ၉။ တေးဂီတအစီအစဉ်
- ၆:၀၀ ၁၀။ **"သစ်ကောင်းတစ်ပင်" (နဒီစိုး၊ပြည့်စုံသျှင်၊ ကျော်မျိုးဟိန်း၊မိုးယံထက်၊ ရန်ပိုင်စိုး၊မောင်ဂဠုန်) [ဒါရိုက်တာ- မိုးထက်လူ (သစ်တော)]**
- ၆:၁၅ ၁၁။ တေးဂီတအစီအစဉ်
- ၆:၂၅ ၁၂။ Discovery
- ၆:၃၀ ၁၃။ ညနေခင်းသတင်း
- ၇:၀၀ ၁၄။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ခွန်းခြွေသီတစ်ရာ့တစ်လီ" (အပိုင်း-၁၉)**
- ၇:၃၀ ၁၆။ ဂုဏ်ယူဖွယ်ရာစံထား ထီးဆောင်းကျေးရွာ သွေးလှူရှင်များ
- ၇:၄၅ ၁၇။ ရှုဖွယ်စုံညီမြန်မာပြည်
- ၈:၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်သံသရာ" (အပိုင်း-၃၈)**
- ၂၂။ **မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်**
- ၂၃။ နောက်တစ်နေ့အစီအစဉ်
- ၂၄။ အစီအစဉ်ပြီး၏။

အိန္ဒိယတပ်မတော်အမှတ်(၃) တပ်မကြီးမှူး၊ ဇနီးနှင့်အဖွဲ့ ရွှေတိဂုံစေတီတော်ဖူးမြော်၊ တပ်မတော်စစ်သမိုင်းပြတိုက်လေ့လာ

ရန်ကုန် မေ ၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန်ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော် အမှတ်(၃) တပ်မကြီးမှူး Lt. Gen, Daljeet Singh နှင့် ဇနီးဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့သည် ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံးမှ စစ်သံမှူး Colonel, Jasvinder Singh Chopra တို့လိုက်ပါလျက် ယနေ့ နံနက် ၉နာရီတွင် ရွှေတိဂုံစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုကြရာ ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော် အမှတ်(၃) တပ်မကြီးမှူး Lt. Gen, Daljeet Singh နှင့်ဇနီးဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် ရွှေတိဂုံစေတီတော် ရင်ပြင်တောင်ဘက်ရှိ ညောင်ခံတန်ဆောင်း၌ ဗုဒ္ဓရုပ်ပွားတော်အား ပန်း၊ ဆီမီး၊ နံ့သာများဖြင့် ဆက်ကပ်လှူဒါန်းပြီး ဖူးမြော်ကြည်ညိုကြသည်။

လက်ဆောင်ပေးအပ်

ထို့နောက် Lt. Gen, Daljeet Singhသည် ညွှန်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးပြီး အလှူငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံကြပြီး ရွှေတိဂုံစေတီပုံတော်ကို လက်ဆောင်အဖြစ် ပြန်လည်ပေးအပ်သည်။

ယင်းနောက် Lt. Gen, Daljeet Singh နှင့် ဇနီးနှင့် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် ရွှေတိဂုံစေတီတော်အား လက်ယာရစ်လှည့်လည်ဖူးမြော် ကြည်ညိုကြရာ ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက စေတီတော်နောက်ခံသမိုင်းနှင့် စေတီတော်၏ အံ့ဖွယ်များကို လိုက်လံရှင်းလင်းပြသကြသည်။

ကြိုဆို

ထိုမှတစ်ဆင့် Lt. Gen, Daljeet Singh နှင့် ဇနီးနှင့် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော် စစ်သမိုင်းပြတိုက်သို့ ရောက်ရှိကြရာ ကာကွယ်ရေးဝန်ကြီးဌာန စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံးမှ ဒုတိယ တပ်မတော်မော်ကွန်းတိုက်မှူး ဒုတိယဗိုလ်မှူးကြီး ဇော်ဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းပြသ

ထို့နောက် Lt. Gen, Daljeet Singh နှင့် ဇနီးနှင့် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် တပ်မတော် စစ်သမိုင်းပြတိုက်အတွင်း ခင်းကျင်းပြသထားသော ပြခန်းများကို လှည့်လည်ကြည့်ရှု လေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ပြန်လည်ထွက်ခွာ

ယင်းနောက် Lt. Gen, Daljeet Singh သည် ညွှန်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးပြီး နံနက်ပိုင်းတွင် တပ်မတော်စစ်သမိုင်းပြတိုက်မှ ပြန်လည်ထွက်ခွာသွားကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော် အမှတ်(၃) တပ်မကြီးမှူး Lt. Gen, Daljeet Singh နှင့်ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ တပ်မတော်စစ်သမိုင်းပြတိုက်တွင် ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ဗုဒ္ဓ သုမင်္ဂလာလင်္ကာရ၏ မွေးနေ့အလှူတော်မင်္ဂလာကျင်းပမည်

ရန်ကုန် မေ ၆

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဗုဒ္ဓသုမင်္ဂလာလင်္ကာရ (Ph. D)၏ မွေးနေ့အလှူတော်မင်္ဂလာနှင့် ဂုဏဝိသိဋ္ဌ ပူဇာမင်္ဂလာကို ၁၃၆၇ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်၊ မေ ၁၅ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေး တိပိဋက မဟာဂန္ဓာရုံကျောင်းတိုက် သီရိမင်္ဂလာအနန္တဂုဏ်ရည် ငါးထပ်ကျောင်းတော်ကြီး၌ ကျင်းပ မည်ဖြစ်သည်။

(သတင်းစဉ်)

အမှာစကားပြောကြား

နိုင်ငံဖြတ်ကျော်မှုခင်းများဆိုင်ရာ ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရေးဆွဲရေးအတွက် ဥပဒေများစိစစ်သုံးသပ်ရေး ညှိနှိုင်းအစည်းအဝေးတွင် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး အမှာစကားပြောကြားစဉ်။ (ပြည်ထဲရေး)

နိုင်ငံဖြတ်ကျော်မှုခင်းများဆိုင်ရာ ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရေးဆွဲရေးအတွက် ဥပဒေများစိစစ်သုံးသပ်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် မေ ၆

နိုင်ငံဖြတ်ကျော်မှုခင်းများဆိုင်ရာ ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရေးဆွဲရေးအတွက် ဥပဒေများ စိစစ်သုံးသပ်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁နာရီခွဲတွင် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

ညှိနှိုင်းအစည်းအဝေးသို့ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်အောင်၊ ဒုတိယရှေ့နေချုပ်များဖြစ်ကြသော ဒေါက်တာထွန်းရှင်နှင့် ဦးမြင့်နိုင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးအောင်စောဝင်း၊ ဒုတိယရဲချုပ် ဗိုလ်မှူးကြီးဇော်ဝင်း၊ ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ်ဝင်းမြိုင်၊ သတင်းတပ်ဖွဲ့မှူး ရဲမှူးချုပ်မြင့်သိန်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ရဲအရာရှိကြီးများ၊ တရားရုံးချုပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ညှိနှိုင်းအစည်းအဝေးတွင် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက အမှာစကားပြောကြားပြီး တက်ရောက်လာကြသည့် ပုဂ္ဂိုလ်များက ပြည်ထောင်စု မြန်မာနိုင်ငံသည် နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်း အဖွဲ့ဝင်နိုင်ငံဖြစ်သည့် အားလျော်စွာ မြန်မာနိုင်ငံတွင် နိုင်ငံဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရာတွင် ကုလသမဂ္ဂ ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များနှင့် လိုက်လျောညီထွေရှိသော ဥပဒေသစ်များကို ပြဋ္ဌာန်းနိုင်ရေးအတွက် လိုအပ်သောအချက်များကို အကြံပြုဆွေးနွေးကြသည်။

(သတင်းစဉ်)

ထူးချွန်ကြက်ခြေနီမောင်မယ်များ ရန်ကုန်မြို့တွင်းလေ့လာ

ရန်ကုန် မေ ၆

မြန်မာနိုင်ငံကြက်ခြေနီအသင်းက ကြီးမှူးကျင်းပသော ထူးချွန်ကြက်ခြေနီတွေ့ဆုံပွဲ ၂၀၀၅ သို့ တက်ရောက်နေကြသော ပြည်နယ်နှင့်တိုင်းအသီးသီးမှ ထူးချွန်ကြက်ခြေနီမောင်မယ်များသည် ရန်ကုန်မြို့တွင်း လေ့လာရေးအစီအစဉ်အဖြစ် ယနေ့နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော်သို့ သွားရောက်ဖူးမြော်ကြရာ ဌာနမှူး ဦးသိန်းဇော်က စေတီတော်၏သမိုင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက်ထူးချွန်ကြက်ခြေနီမောင်မယ်များက စေတီတော်အတွက် အလှူငွေကျပ် ၂၉၀၀၀ကို လှူဒါန်းကြသည်။ ဆက်လက်၍ ထူးချွန်ကြက်ခြေနီမောင်မယ်များသည် လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီးသို့ ရောက်ရှိကြရာ ဂေါပကအဖွဲ့ဝင် ဦးကံမြင့်နှင့် ဦးစန်းမြင့်တို့က ရုပ်ပွားတော်မြတ်ကြီး၏သမိုင်းကို ရှင်းလင်းပြောကြားကြသည်။ ထို့နောက် ထူးချွန်ကြက်ခြေနီမောင်မယ်များက အလှူငွေကျပ် ၃၁၀၀၀ကို လှူဒါန်းကြသည်။

ထို့နောက် မီးသတ်သင်တန်းကျောင်းသို့ရောက်ရှိရာ ကျောင်းအုပ်ကြီး ဦးကျော်မင်းက မီးသတ်ပညာရပ်ဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး မီးငြိမ်းသတ်ခြင်း၊ အသက်ကယ်ခြင်းများကို လက်တွေ့သရုပ်ပြကြသည်။ မွန်းလွဲပိုင်းတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဦးစီးဌာနသို့ ရောက်ရှိကြရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီး သိန်းအောင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဌာနများ၏ လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် လက်တွေ့ရိုက်ကူး၊ ထုတ်လုပ်မှုများကို လိုက်လံကြည့်ရှုကြသည်။ ထို့နောက် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်သို့ ရောက်ရှိကြရာ ဒုတိယရဲမှူး မောင်မောင်စန်းက ပြတိုက်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြီး ပြခန်းများကို လိုက်လံကြည့်ရှုလေ့လာကြသည်။ ညပိုင်းတွင် ပြည်နယ်နှင့်တိုင်းအလိုက် တိုင်းရင်းသား တေးသီချင်းများ၊ အကများဖြင့် ဖျော်ဖြေကြသည်။ (သတင်းစဉ်)

"ကျန်းမာဘဝနေတတ်မှ" ကျန်းမာရေးပညာပေးဟောပြောမည်

ရန်ကုန် မေ ၆

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး လုပ်ငန်းအဖွဲ့၏ အသိပညာရှင်၊ အတတ်ပညာရှင် ဆေးတက္ကသိုလ်(၂) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာသန်းနုရွှေနှင့် မြန်မာ့အသံတို့က ဆွေးနွေးတင်ပြမည့် "ကျန်းမာဘဝနေတတ်မှ"ခေါင်းစဉ်ဖြင့် အမျိုးသမီးငယ်/ရွယ်များအား ကျန်းမာရေးဗဟုသုတ ဖြစ်ဖွယ်ရာများကို မြန်မာ့အသံ မြန်မာပိုင်းအစီအစဉ်၏ မေတို့ရေးရာ သိမှတ်စရာအစီအစဉ်မှ မေ ၁၃ရက် ညနေ ၅နာရီခွဲနှင့် မေ ၁၄ရက် နံနက် ၁၁ နာရီ ၃၅ မိနစ်တို့တွင် ထုတ်လွှင့်မည်ဖြစ်သည်။ (သတင်းစဉ်)

၁၉၆၉ခုနှစ် ဝိဇ္ဇာ(မြန်မာစာ)တွဲ ရ ကျောင်းသား၊ ကျောင်းသူများ အာစရိယပူဇော်ပွဲ

ရန်ကုန် မေ ၆

ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနမှ ၁၉၆၉ ခုနှစ် ဝိဇ္ဇာ(မြန်မာစာ)တွဲ့ရကျောင်းသား၊ ကျောင်းသူများ၏ စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲကို မေ ၂၉ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် တက္ကသိုလ်များ ဓမ္မာရုံ(ရန်ကုန်)၌ ကျင်းပမည်ဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူဟောင်းများ စုံညီစွာ တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်းနှင့် အာစရိယပူဇော်ပွဲနှင့် ပတ်သက်၍ စုံစမ်းရန်နှင့် လှူဒါန်းငွေများထည့်ဝင်ရန် ဦးတင်အောင် ၀၁-၂၅၆၉၀၈၊ ဦးခင်မောင်မြင့် ၀၉၈၀-၂၄၆၇၉၊ ဦးသိန်းထွန်း ၀၁-၂၉၁၁၅၁၊ ဦးမြင့်အုန်း ၀၉၈၀-၂၁၅၅၄၊ ဒေါ်ရီရီသန်း ၀၁-၅၅၂၇၃၃၊ ဒေါ်တင်အေးကျော် ၀၁-၅၄၈၁၂၉၊ ဒေါ်မြမြဟိန်း ၀၁-၂၄၃၃၆၃၊ ဒေါ်စိုးမြင့် ၀၁-၅၆၆၉၁၅တို့ထံ ဆက်သွယ်နိုင်သည်။ (က-ပ)

လူငယ်လေ့လာရေးအဖွဲ့ဝင်များ မော်လမြိုင်မြို့၌ လှည့်လည်လေ့လာ

ရန်ကုန် မေ ၆

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ပြည်နယ်နှင့်တိုင်းများသို့ အပြန်အလှန်လေ့လာရေးအစီအစဉ်အရ မွန်ပြည်နယ် မော်လမြိုင်မြို့သို့ ရောက်ရှိနေသော ပြည်နယ်နှင့်တိုင်း အသီးသီးမှ လူငယ်လေ့လာရေးအဖွဲ့ဝင်များသည် မေ ၄ ရက် နံနက်ပိုင်းတွင် မော်လမြိုင် ကွန်ပျူတာ ကောလိပ်သို့ရောက်ရှိ လေ့လာကြရာ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးစိုးမြင့်အောင်၊ ကွန်ပျူတာကောလိပ် ကျောင်းအုပ်ကြီး ဒေါက်တာနီလာသိန်းနှင့်တာဝန်ရှိသူများက ကြိုဆိုကြပြီး ကွန်ပျူတာကောလိပ်၌ လေ့လာရေးခရီးစဉ်အထိမ်းအမှတ်အဖြစ် အရိပ်ရသစ်ပင်များ စိုက်ပျိုးကြသည်။

ဆက်လက်၍ လူငယ်လေ့လာရေးအဖွဲ့ဝင်များသည် မော်လမြိုင်စက်မှုဇုန်သို့ သွားရောက်လေ့လာကြပြီး ကျိုက်မရောမြို့ ဆုတောင်းပြည့်ဘုရားကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြကာ ဆုတောင်းပြည့်ဘုရား ဂေါပကဥက္ကဋ္ဌထံ အလှူတော်ငွေကျပ် ၁၅၀၀၀ ကို လှူဒါန်းသည်။

ထို့မှတစ်ဆင့် လူငယ်လေ့လာရေးအဖွဲ့ဝင်များသည် ပြည်နယ်ယဉ်ကျေးမှု ပြတိုက်ကို သွားရောက်လေ့လာကြပြီး မော်လမြိုင်မြို့ ငွေမိုးဟိုတယ်ခန်းမဆောင်၌ ကျင်းပသော ပြည်နယ်၊ ခရိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များနှင့် ပြည်နယ်နှင့်တိုင်း အသီးသီးမှ လူငယ်လေ့လာရေးအဖွဲ့ဝင်များ အတွေ့အကြုံဖလှယ်ရေးအခမ်းအနားသို့ တက်ရောက်ကာ လူငယ်လေ့လာရေး ကိုယ်စားလှယ်များက မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

အဆိုပါ လူငယ်လေ့လာရေးအဖွဲ့ဝင်များသည် ညပိုင်းတွင် မော်လမြိုင်မြို့ ငွေမိုးဟိုတယ်၌ ကျင်းပသော မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းလူငယ်များ လေ့လာရေးနှင့် အတွေ့အကြုံဖလှယ်ရေး အစီအစဉ်အရ မွန်ပြည်နယ် မော်လမြိုင်မြို့သို့ လေ့လာရေးခရီး ရောက်ရှိနေသည့် ပြည်နယ်နှင့်တိုင်းများမှ လူငယ်ကိုယ်စားလှယ်အဖွဲ့ဝင်များ မွန်ပြည်နယ် ယဉ်ကျေးမှုပြတိုက်တွင် ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)

အလိုတော်ပြည့် ဓမ္မာစရိယသင်တန်း ပို့ချမည်

ရန်ကုန် မေ ၆

အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ် နာယကချုပ်၊ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ၊ ဝါကျဉယျာဉ်ကျမ်းပြု ဆရာတော် ဘဒ္ဒန္တသုစိတ္တာဘိဝံသ၏ သတ္တမအကြိမ် နွေရာသီ ဓမ္မာစရိယသင်တန်းကို မေ ၁၇ ရက်မှ ဇွန် ၃၀ ရက်အထိ ရန်ကုန်တိုင်း ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ် ရတနာလမ်းနှင့် စစ်တောင်းလမ်းထောင့်ရှိ အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ်၌ မွန်းလွဲ ၁ နာရီခွဲမှ ၂ နာရီခွဲအထိ တစ်ကြိမ်၊ ညနေ ၃ နာရီမှ ၄ နာရီထိ တစ်ကြိမ် ပို့ချသင်ကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ကုသိုလ်ပြု လှူဒါန်းနိုင်

ရန်ကုန် မေ ၆

ညောင်ဦးမြို့နယ် စဉ့်ကူမြို့ မြို့ကုန်းရပ်ကွက် အုံမြားကြီးချောင်းနှင့် ဧရာဝတီမြစ်ဆုံ၌ ပုဂံခေတ်ဦးတွင် တည်ထားခဲ့သော ဉာဏ်တော် ၈၆ပေ၊ ဖိနပ်တော် ၆၈ပေ၊ တစ်ဖက်လျှင် အရှည်ပေ ၂၂၀ရှိ မဟာရံတံတိုင်းပါသမိုင်းဝင်ရှေးဟောင်း ဆုတောင်းပြည့် စိန္တာမုနိစေတီကြီး စေတီတော်အား ဗုဒ္ဓပူဇနိယ ဆီမီး ၉၉၀၀အဖွဲ့ (အင်းစိန်)က ကြီးမှူး၍ ဘက်စုံတည်ဆောက်လျက် ရှိသည်။

ကဆုန်လပြည့်နေ့မှစ၍ ညစဉ်စေတီတော် ၄က်ပျောဖူးမှ တနင်္ဂနွေထောင့်၊ အင်္ဂါထောင့်၊ ရာဟုထောင့်၊ စနေထောင့် မဟာရံတံတိုင်းများသို့ တစ်ဖက်လျှင် ရောင်စုံမီးလုံး ၁၀၈လုံးဖြင့် ရောင်စုံမီးလုံး ၄၃၂လုံးကို သွယ်တန်းပူဇော်မည်ဖြစ်ရာ မီးကြိုး၊ မီးခေါင်း၊ မီးလုံးနှင့် ဆက်စပ်ပစ္စည်းများအပါအဝင် တစ်ဖက်လျှင် အလှူငွေကျပ်၅၄၀၀၀ဖြင့် မိမိစိတ်ကြိုက်နှစ်သက်ရာထောင့်ကိုဖြစ်စေ၊ ငွေကျပ် ၁၈၀၀၀၀တန်(၆)ကေဗွီမီးအားမြင့်စက် တစ်လုံးနှင့် ဥပုသ်နေ့တိုင်း ဝတ်အဖွဲ့များ ဝတ်ရွတ်ရန် ငွေကျပ် ၁၈၀၀၀၀ တန် အသံချဲ့စက်တစ်စုံကိုဖြစ်စေ လှူဒါန်းလိုပါက ဗုဒ္ဓပူဇနိယဆီမီး ၉၉၀၀ အဖွဲ့ရုံး စုပေါင်းရုံးဝင်း အင်းစိန် ဖုန်း-၆၄၀၄၈၇၊ ၆၄၀၄၈၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (သတင်းစဉ်)

ကွန်ပျူတာပညာသင်ဆု လျှောက်လွှာခေါ်ယူ

ရန်ကုန် မေ ၆

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် ဂျပန်နိုင်ငံ CICC (Center of International Co-Operation for Computerization) တို့၏ အစီအစဉ်အရ ၂၀၀၅ ခုနှစ်တွင် ဂျပန်နိုင်ငံ၌ ဖွင့်လှစ်သင်ကြားပေးမည့် IT Project Manager Training Course နှင့် Bridge System Engineer Training Course သင်တန်းများ တက်ရောက်ရန် ကွန်ပျူတာပညာသင်ဆုများအတွက် သတ်မှတ်ချက် ကိုက်ညီသူများသည် မေ ၉ရက် နောက်ဆုံးထား လျှောက်ထားနိုင်ပြီး ရေးဖြေစာမေးပွဲကို မေ ၁၁ရက်နှင့် မေ ၁၂ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

ပြင်ဆင်ဖတ်ရှုပါရန်

ရန်ကုန် မေ ၆

(၅-၅-၂၀၀၅)ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၇)နှင့် ကြေးမုံသတင်းစာ စာမျက်နှာ(၅)တို့တွင် ဖော်ပြထားသော မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် "မျှော်လင့်ခြင်းများစွာ" ပညာပေး ဗီဒီယိုဇာတ်ကားအစား "မျှော်လင့်ခြင်းများစွာ" ပညာပေးရုပ်ရှင်ဇာတ်ကားဟု ပြင်ဆင်ဖတ်ရှုပါရန်။ (သတင်းစဉ်)

"ရန်ကုန် နိုင်ငံတကာကုန်စည်ပြပွဲ-၂၀၀၅" ကျင်းပရေး ဗဟိုကော်မတီ ဒုတိယအကြိမ်ညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် မေ ၆

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ကြီးမှူး၍ "ရန်ကုန် နိုင်ငံတကာကုန်စည်ပြပွဲ-၂၀၀၅" (Yangon International Trade Fair-2005) ကျင်းပရေးဗဟိုကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဆွေးနွေးပွဲခန်းမ၌ ကျင်းပရာ "ရန်ကုန် နိုင်ငံတကာ ကုန်စည်ပြပွဲ-၂၀၀၅"ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး ဗဟိုကော်မတီအတွင်းရေးမှူး၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးမျိုးဦးက ကုန်စည်ပြပွဲကျင်းပရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆွေးနွေးတင်ပြ

ထို့နောက် လုပ်ငန်းကော်မတီ အသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက လုပ်ငန်းကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ ဗဟိုကော်မတီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းက ပြန်လည်ညှိနှိုင်းဆွေးနွေးပြီး နိဂုံးချုပ်စကား ပြောကြားကာ ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

"ရန်ကုန်နိုင်ငံတကာ ကုန်စည်ပြပွဲ-၂၀၀၅ "ကိုမေ ၂၅ ရက်မှ ၂၉ ရက်အထိ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်း စင်တာ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး ပြပွဲတွင် အာဆီယံ၊ တရုတ်၊ ဂျပန်၊ ကိုရီးယားနှင့် ဘင်းမ်စတက်အဖွဲ့ဝင် နိုင်ငံများမှ ထုတ်ကုန်ပစ္စည်းများ ပါဝင်ပြသမည် ဖြစ်သည်။ (သတင်းစဉ်)

ပထမအကြိမ် အားကစားဝန်ကြီးဌာန ဝန်ကြီးဖလားနှင့် (၃၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲတွင် အမျိုးသားတံခွန်စိုက်တန်း ပထမဆုရ ဘဏ္ဍာ/အခွန်(က)အသင်းအား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် မေ ၆ ရက်က ဆုဖလားချီးမြှင့်စဉ်။

(အား/ကာ)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အသိပညာပေး ဟောပြောပွဲ ကျင်းပ

ရန်ကုန် မေ ၆

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့အောက်ရှိ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာ ချထားရေးလုပ်ငန်းအဖွဲ့ခွဲနှင့် အမျိုးသမီး ငယ်/ရွယ်လုပ်ငန်းအဖွဲ့ခွဲတို့၏ အသိပညာပေး ဟောပြောပွဲကို ဧပြီ ၃၀ ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝင်္ကပါလမ်းရှိ ဝင်္ကပါအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအသင်း၌ ကျင်းပသည်။

အခမ်းအနားသို့ အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ ဒုတိယအဖွဲ့ခေါင်းဆောင် ဒေါ်ခင်မျိုးမြင့်၊ လုပ်ငန်းအဖွဲ့ခွဲ ခေါင်းဆောင်များဖြစ်ကြသော ပါမောက္ခဒေါ်ဌေးဌေး၊ ဒေါ်ခင်မေစိုး၊ ဒေါ်ကြည်ကြည်မြ၊ ဒေါ်ပိုပိုကြည်နှင့် အဖွဲ့ဝင်များ၊ ဝင်္ကပါအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအသင်းဥက္ကဋ္ဌ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့် သမီးငယ် သင်တန်းသူများ စုစုပေါင်း ၁၀၀ခန့် တက်ရောက်ကြသည်။

ဟောပြောပွဲတွင် အမျိုးသမီး ငယ်/ရွယ်လုပ်ငန်းအဖွဲ့ခွဲကိုယ်စား ဆရာမကြီး ဒေါ်စောမုံညင်းက "သမီးလိမ္မာနားဆင်ပါ"ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းအဖွဲ့ခွဲ ကိုယ်စား ဦးချစ်နိုင် (ချစ်နိုင်-စိတ်ပညာ) က "စိတ်ကိုထားနည်း" ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြသည်။ (သတင်းစဉ်)

မန္တလေးမိုး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ဖိတ်ခေါ်

ရန်ကုန် မေ ၆

အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးကော်မတီက ၂၀၀၅ ခုနှစ်အတွက် (၁၆)ကြိမ်မြောက် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲများကို ကျင်းပပေးမည်ဖြစ်ကြောင်း သက်ဆိုင်ရာက ယနေ့ထုတ်ပြန်ကြေညာသည်။

ယခုနှစ်တွင် ကျင်းပပေးမည့် ပြိုင်ပွဲများမှာ ဝတ္ထုတို၊ ဆောင်းပါးနှင့် ကဗျာပြိုင်ပွဲ၊ အခြေခံပညာ အလယ်တန်းအဆင့်၊ အခြေခံပညာအထက်တန်းအဆင့်၊ တက္ကသိုလ်အဆင့် တပ်မတော်ဆိုင်ရာအထွေထွေ ဗဟုသုတဉာဏ်စမ်းဖြေဆိုပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲတို့ ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲများအနက် ဝတ္ထုတို၊ ဆောင်းပါးနှင့် ကဗျာပြိုင်ပွဲများအတွက် သတ်မှတ်ပေးထားသော ဦးတည်ချက်များမှာ နိုင်ငံတော်၏ ဦးတည်ချက်များအနက် လူမှုရေးဦးတည်ချက်(၄)ရပ် ဖြစ်သည်။

ပြိုင်ပွဲဝင် စာမူများအတွက် စာလုံးရေ ကန့်သတ်ချက်မှာ ဝတ္ထုတိုသည် စာလုံးရေ ၄၀၀၀မှ ၈၀၀၀ အတွင်း၊ ဆောင်းပါးသည် စာလုံးရေ ၃၀၀၀မှ ၅၀၀၀အတွင်း၊ကဗျာသည် စာလုံးရေ ၃၀၀မှ ၉၀၀ အတွင်း ပါရှိရမည်ဖြစ်သည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲ၏ ခေါင်းစဉ်မှာ"ဘက်စုံဖွံ့ဖြိုးတိုးတက်နေသောမြန်မာနိုင်ငံ" ဖြစ်သည်။

ဝတ္ထုတို၊ဆောင်းပါးနှင့် ကဗျာပြိုင်ပွဲဝင်လိုသူများသည် စာမူနှစ်စောင်နှင့် ကိုယ်တိုင်ရေးသားကြောင်း ဝန်ခံချက်တစ်စောင်၊ လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးအတ္ထုပ္ပတ္တိ အကျဉ်းတို့နှင့်အတူ ဦးကိုကိုထွေး အတွင်းရေးမှူး အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲကျင်းပရေးကော်မတီ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပြည်လမ်း၊ ရန်ကုန်မြို့သို့ ၂၀၀၅ ခုနှစ် စက်တင်ဘာ ၃၀ရက် နောက်ဆုံးထား၍ ပေးပို့ရမည် ဖြစ်သည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲဝင်လိုသူများသည် ဦးထွန်းမင်း တွဲဖက်အတွင်းရေးမှူး အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲကျင်းပရေးကော်မတီ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့သို့ ၂၀၀၅ ခုနှစ် အောက်တိုဘာ ၁၅ရက် နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်သည်။

ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ထိုက်ထိုက်တန်တန် ဆုချီးမြှင့်မည်ဖြစ်သည်။ (သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန်လိုအပ်သည့်ကိစ္စရပ်မှအပ မော်တော်ယာဉ်မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၅ ခုနှစ်၊ မေလအတွက်
(၈-၅-၂၀၀၅)ရက်နေ့
နှင့်
(၂၉-၅-၂၀၀၅)ရက်နေ့။

မြစ်ကြီးနား–ဗန်းမော်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှု တိုင်းမှူးဗိုလ်ချုပ်မောင်မောင်ဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၆

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေသည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၂၈ ရက် နံနက်ပိုင်းက ဝိုင်းမော်မြို့နယ် မုတ်လွဲကျေးရွာရှိ ကချင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန ရှင်းလင်းဆောင်သို့ ရောက်ရှိရာ မြို့နယ်ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက ဝိုင်းမော်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဇယားကားချပ်များဖြင့် ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူးသည် ငွေ့စပါး စိုက်ပျိုးဖြစ်ထွန်းနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းမှူးသည် နန်ဆန်ယန်ကျေးရွာရှိ အခြေခံပညာ မူလတန်းလွန်ကျောင်း ကျောင်းဆောက်လုပ်ပြီးစီးနေမှုကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းခန်းမဆောင်၌ ကျောင်းဆောက်လုပ်ရေးတာဝန်ခံ ဦးဇခုဒိန်ခမ်းက ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှု၊ ကျောင်းခန်းမဆောင်၊ သင်ထောက်ကူစာသင်ဆောင်၊ သိပ္ပံဆောင်၊ ကျောင်းစာကြည့်တိုက်နှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ညှိနှိုင်းဖြည့်ဆည်း

ဆက်လက်၍ တိုင်းမှူးသည် နန်ဆန်ယန်ကျေးရွာ ၁၆ ခုတင်ဆံ့ ဆေးရုံ တည်ဆောက်နေမှု အခြေအနေကိုလည်းကောင်း၊ လောကသာမဆုတောင်းပြည့်စေတီတော် တည်ဆောက်နေမှု အခြေအနေကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

လှည့်လည်ကြည့်ရှု

ဆက်လက်၍ တိုင်းမှူးသည် မိုးမောက်မြို့နယ် ဒေါ့ဖုန်းယန်မြို့ အခြေခံပညာအထက်တန်းကျောင်း တည်ဆောက်ရေးလုပ်ငန်း စီမံကိန်းနှင့် ၁၆ ခုတင်ဆံ့ဆေးရုံ တည်ဆောက်မည့် မြေနေရာ၊ အိမ်တွင်းမှုသိပ္ပံကျောင်း တည်ဆောက်မည့် မြေနေရာတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဧပြီ ၂၉ ရက် နံနက်ပိုင်းတွင် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေသည် ဗန်းမော်မြို့ သိမ်မဟာစေတီတော်သို့ သွားရောက်၍ ဆရာတော် သံဃာတော်များနှင့် ရှင်သာမဏေ ၂၁၇ ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူ၍ ကျောင်းတိုက်ဆရာတော် မဟာဂန္ထဝါစက ဘဒ္ဒန္တ ပညိန္ဒာလင်္ကာရအား သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် တိုင်းမှူးသည် ဓမ္မပါလ ဆွမ်းစားကျောင်းနှင့် ပရိယတ္တိမာမက ကျောင်းဆောင် တည်ဆောက်ရေး လုပ်ငန်းအတွက် ဘိလပ်မြေအိတ် ၂၀၀ နှင့် ငွေကျပ်သုံးသိန်း ပေးအပ်လှူဒါန်းပြီး ဓမ္မပါလဆွမ်းစားကျောင်း တည်ဆောက် ပြီးစီးမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူးသည် ဗန်းမော်မြို့ သူနာပြုသင်တန်းကျောင်း၊ သူနာပြုဆရာမများ နေအိမ်ဆောက်လုပ်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဗန်းမော်မြို့ လေယာဉ်ပြေးလမ်း တိုးချဲ့ဆောက်လုပ်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိရာ လေဆိပ်ခန်းမဆောင်၌ တာဝန်ခံ အင်ဂျင်နီယာမှူးကြီး ဦးတင်ဝင်းက လေယာဉ်ပြေးလမ်း တိုးချဲ့ဆောက်လုပ်ပြီးစီးနေမှုနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြား၍ လေယာဉ်ပြေးလမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ဧပြီလ ၃၀ ရက် နံနက်ပိုင်းတွင် တိုင်းမှူးသည် မိုးမောက်မြို့နယ် မခွယ်–သိမ်လုံလမ်း ဖောက်လုပ်ရေး လုပ်ငန်းခွင် ယာယီရှင်းလင်းဆောင်၌ ဗန်းမော်ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှသောင်းနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးသောင်းဟန်စိုးတို့က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးက နောင်းကုတ်နှင့် လုံဂျာကုန်း အခြေခံပညာမူလတန်းကျောင်းများအတွက် ငွေကျပ်ငါးသိန်းစီကို ပေးအပ်လှူဒါန်းသည်။

မြစ်ကြီးနား–ဗန်းမော်လမ်း

ထိုမှတစ်ဆင့် တိုင်းမှူးသည် လဂျားယန်ကျေးရွာ ရှင်းလင်းဆောင်၌ မြစ်ကြီးနား–ဗန်းမော်လမ်း တိုးတက်ပြင်ဆင် ဖောက်လုပ်ခြင်းလုပ်ငန်းနှင့် ကတ္တရာခင်းခြင်းလုပ်ငန်း အခြေအနေများကို ဂျိတ်လင်း(န်) ကုမ္ပဏီလီမိတက်မှ ဦးယွပ်ဖော်ခေါင်နှင့် တာဝန်ခံအင်ဂျင်နီယာဦးနန်းဖိန်ဖန်ဝါတို့က ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူးသည် မြစ်ကြီးနား–ဗန်းမော်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ မှာကြားညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

(သတင်းစဉ်)

ရန်ကုန်မြို့ အလုံမြို့နယ် စောရန်ပိုင်တောင်ရပ်ကွက် ငုဝါလမ်း အမှတ်(၃၂)နေ နှစ်ဖက်သောမိဘများအား ရည်စူးအမှူးထား၍ ဦးကျော်သိန်း–ဒေါ်ယဉ်ယဉ်ကြည်(သား)မောင်မျိုးကျော်ဦးမိသားစုတို့က သုံးထပ် ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ်တစ်သိန်းနှစ်သောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဘဏ္ဍာရေးမှူးဦးအောင်သန်းသို့ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

မြန်မာ–ပီနန်စီးပွားရေးအခွင့်အလမ်းဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

ရန်ကုန် မေ ၆

ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ မလေးရှားနိုင်ငံ ပီနန်ပြည်နယ် အစိုးရနှင့် မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံသံရုံးတို့ ပူးပေါင်းပြုလုပ်သည့် မြန်မာ–ပီနန်စီးပွားရေး အခွင့်အလမ်းဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲ ဖွင့်ပွဲကို ယမန်နေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

— တက်ရောက် —

ညှိနှိုင်းဆွေးနွေးပွဲဖွင့်ပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မလေးရှားနိုင်ငံ ပီနန်ပြည်နယ် အစိုးရ၏ Deputy Chief Minister နှင့် Entrepreneur And Coopera TIVE Development Minister Dato၊ Abdul Rashid Abdullah၊ ပြည်ထောင်စု မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး Dato' Cheah Sam Kip၊ ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ပီနန်စီးပွားရေး ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းက အဖွင့်အမှာစကား ပြောကြားပြီး ပီနန်ပြည်နယ် အစိုးရ၏ Deputy Chief Minister Dato၊ Abdul Rashid Abdullah က နှုတ်ခွန်းဆက် စကားပြောကြားကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီး၊ ဧည့်သည်တော်များနှင့်ဆွေးနွေးပွဲသို့ တက်ရောက် လာကြသူများသည် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

— ညှိနှိုင်းဆွေးနွေး —

ထို့နောက် မြန်မာ–ပီနန်စီးပွားရေး အခွင့်အလမ်းဆိုင်ရာ ညှိနှိုင်း ဆွေးနွေးပွဲကို ကျင်းပသည်။ (သတင်းစဉ်)

၁၀ရက်တရားစခန်း

ရန်ကုန် မေ ၆

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏ တပည့် အနာဂါမ်ဆရာသက်ကြီး၏ ကိုယ်တွေ့ဉာဏ်မြင် သမထဝိပဿနာ အလုပ်ပေး တရားတော်မြတ်ကြီးကို ကမ္မဋ္ဌာန်းနည်းပြ ဆရာ ဦးကျော်နိုင်ထွန်းက မေ ၁၅ရက်မှ ၂၄ရက်အထိ မွန်းတည့် ၁၂နာရီမှ ညနေ ၅နာရီထိ စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်း အမှတ် ၂၉(ဒုတိယလွှာ)တွင် ဓမ္မဒါနပြုလုပ်မည်ဖြစ်သည်။

(က–ပ)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီ ဆောင်ရွက်စို့

၂၀၀၅–ခုနှစ်၊ မေလ (၃) ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် (၁၆၅၇၈)တိုက် ဖွင့်လှစ်ပြီး ဖြစ်ပါသည်။

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတ
တိုးပွားစေရန် ကျေးရွာကိုယ့်အားကိုယ်ကိုး
စာကြည့်တိုက်များအတွက် စာအုပ်များကို
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

အမှတ်(၂၅) နတ်စင်လမ်း ကျောက်မြောင်းနေ မောင်ကောင်းဇော်ထက်၏ (၁၉)နှစ်မြောက်မွေးနေ့ အထိမ်းအမှတ်အဖြစ် အလှူငွေကျပ်တစ်သိန်းကို ဗြဟ္မဝိဟာရပရိယတ္တိစာသင်တိုက် သုဒဿနလမ်း ၁၆/၂ ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ လှူဒါန်းရာ အလုပ်အမှုဆောင် ဦးညွန့်သိန်းလက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။

(က–ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၇–၅–၂၀၀၅ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ **ဆရာတော်ဦးဃောသိတ တရားတော် –ရှေးအတိတ်ကံအစွမ်းကြောင့် ဖြစ်ပေါ်လာ**
၁၀။ **ဘာပဲဖြစ်ဖြစ်သတိရပါ မီးသတ်ဂုဏ်ပြုဇာတ်လမ်း ဒါရိုက်တာ–ကိုဇော်(အရုဏ်ဦး) သရုပ်ဆောင်–ဒွေး၊ သားညီ၊ မြတ်ကေသီအောင်၊ အိန္ဒြာကျော်ဇင်**
၉:၁၀ ၁၁။ အပိတ်နှုတ်ဆက်စကား
၉:၁၁ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ့
၄:၃၀ ၄။ မြန်မာသံစဉ်ချိုနားဝင်
၄:၄၅ ၅။ မျိုးချစ်တပ်မတော်
၅:၀၀ ၆။ **အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် –The Family. (ဒုတိယနှစ်–အိမ်တွင်းစီးပွား)**
၅:၃၀ ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၄၀ ၈။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၅:၅၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ မိုးလေဝသသတင်း
၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ကျောက်မဖြစ်တဲ့နှလုံးသားရုပ်ကြွင်း" (အပိုင်း–၁၄)**
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၉။ **English Premier League ဘောလုံးပွဲ Manchester United Vs West Bromwich**
၂၀။ သင့်အတွက်မနက်ဖြန်
၂၁။ အပိတ်နှုတ်ဆက်စကား
၂၂။ ပြီးပါပြီ။

ကွန်ပျူတာအထောက်အကူပြု ဆေးမှတ်တမ်းသင်တန်းဖွင့်

ရန်ကုန် မေ ၆

ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းစီစဉ်သည့် ကွန်ပျူတာ အထောက်အကူပြုဆေးမှတ်တမ်း (Training on ICD-10 and Computer Assisted Medical Record System) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီတွင် ကျန်းမာရေးစီမံကိန်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ကျန်းမာရေးစီမံကိန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ကိုယ်စားလှယ် Dr. Stephan P.Jost နှင့် တာဝန်ရှိသူများ၊ သင်တန်းသားများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာလှဖေက အမှာစကား ပြောကြားသည်။

သင်တန်းကို မေ ၁၉ရက်အထိ စာတွေ့ လက်တွေ့သင်ကြားသွားမည်ဖြစ်ပြီး ပြည်နယ်၊ တိုင်းနှင့် ခရိုင်များရှိ ဆေးရုံ ၂၁ ရုံမှ သင်တန်းသားများ တက်ရောက်ကြသည်။ (သတင်းစဉ်)

ရွှေပြည်သာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ်အားကစားနှင့် ကာယပညာကော်မတီမှ ကြီးမှူးဖွင့်လှစ်သော နွေရာသီဘောလုံးသင်တန်း၊ တိုက်ကွမ်ဒိုသင်တန်း၊ ဘော်လီဘောသင်တန်း၊ ပိုက်ကျော်ခြင်းသင်တန်းများဆင်းပွဲကို မေ ၂၅ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျီးညိုက သင်တန်းနည်းပြများအား ဂုဏ်ပြုလက်ဆောင်များချီးမြှင့်စဉ်။ (မြို့နယ်ပြန်/ဆက်)

လဲချားမြို့နယ်တွင် ကတ္တရာလမ်းသစ်ဖွင့်

လဲချား မေ ၁

လဲချားမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော မင်္ဂလာလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို အဆိုပါလမ်းထိပ် မုခ်ဦး၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအဖွဲ့ဝင်(၂) ဦးစိုင်းမြင့်ဦးနှင့် အမှုဆောင်အရာရှိ ဦးဇော်ဖြိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါလမ်းမှာ အရှည်ပေ ၁၁၀၀၊ အကျယ် ၁၂ပေရှိပြီး နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(နယ်စပ်စည်ပင်)

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များဖွင့်

မုံရွာ မေ ၂

မုံရွာမြို့နယ် သာစည်ကျေးရွာအုပ်စု ထန်းပင်လှကျေးရွာတွင် လှရောင်ခြည် စာကြည့်တိုက်၊ ရွာသာကျေးရွာ၌ သာယာအေးစာကြည့်တိုက်နှင့် ကံပြားကျေးရွာအုပ်စု ဆုန်ကုန်းကျေးရွာ၌ ပွင့်လင်း စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂၂ ရက် နံနက် ၈ နာရီက ထန်းပင်လှကျေးရွာ၌ လည်းကောင်း၊ နံနက် ၁၁ နာရီတွင် ရွာသာကျေးရွာ၌လည်းကောင်း၊ မွန်းလွဲ ၁ နာရီတွင် ဆုန်ကုန်းကျေးရွာ၌ ကျေးရွာစာကြည့်တိုက်ဖွင့်ပွဲများ၌ ကျင်းပသည်။

အခမ်းအနားသို့ မုံရွာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သောင်းသောင်းဝင်းနှင့် ကျေးရွာပြည်သူများ တက်ရောက်ကြသည်။ ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်သောင်းသောင်းဝင်းနှင့် ကျေးရွာဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဒေါ်သောင်းသောင်းဝင်းက ကျေးလက်စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားပြီး ကျေးရွာစာကြည့်တိုက်သို့ အလှူငွေနှင့် စာအုပ်များပေးအပ်လှူဒါန်းကြသည်။

(ခရိုင်ပြန်/ဆက်)

ဧပြီ ၂၃ ရက်က ရွှေဘိုမြို့နယ် ကျောက်မြောင်းဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြ လေ့ကျင့်စဉ်။ (မြို့နယ်စည်ပင်)

ခေတ်မီ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

ဖျာပုံ မေ ၁

ဖျာပုံခရိုင် အမာမြို့နယ် နောက်မီးကျေးရွာအုပ်စု တောကျိုးကျေးရွာ ခေတ်မီ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ဧပြီ ၂၆ ရက် နံနက် ၉ နာရီက စာကြည့်တိုက်ရှေ့တွင် ကျင်းပရာ ဖျာပုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးအေးကြူ၊ နောက်မီးကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးလှိုင်၊ တောကျိုး ခေတ်မီကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်အေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ တောကျိုးကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကျေးရွာ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ကြသည်။

ကျေးဇူးတင်စကားပြော

ထို့နောက် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးလှိုင်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဦးအေးကြူတို့က စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆောင်ရွက်ကြရန် မှာကြားပြီး စာကြည့်တိုက်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်အေးက ကျေးဇူးတင်စကားပြောကြားသည်။

(ခရိုင်ပြန်/ဆက်)

ဒိုက်ဦး မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော ၂၀၀၅ ခုနှစ် ပထမအကြိမ် ရီရှင် ဖလား ကျေးရွာ ပေါင်းစုံ အလွတ်တန်း ဘောလုံးပြိုင်ပွဲကို ဧပြီ ၂၇ ရက်က မြို့နယ် အားကစားကွင်း၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်စိန်၊ ရီရှင်ကုမ္ပဏီ အထွေထွေမန်နေဂျာ ဦးအောင်သိန်းနှင့် ရီရှင်ကုမ္ပဏီ ဒိုက်ဦးဆိုင်ခွဲတာဝန်ခံ ဦးမျိုးလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်ပြန်/ဆက်)

ထယ်လှော်ရွာ၌ စာကြည့်တိုက်ဖွင့်လှစ်

ဂန့်ဂေါ မေ ၁

ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူး၍ ဂန့်ဂေါမြို့နယ် ထယ်လှော်ရွာ ကိုယ့်အားကိုယ်ကိုး အလင်းသစ် စာကြည့်တိုက်ဖွင့်ပွဲကို ဧပြီ၁၁ရက်က အဆိုပါ စာကြည့်တိုက်၌ ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အေးအေးနှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် ဦးဝင်းလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

ပေးအပ်လှူဒါန်း

ထို့နောက် ကျေးရွာအဖွဲ့ဝင် ဦးဝင်းလွင်က စာကြည့်တိုက်တွင် ထားရှိရန် ငွေကျပ် ခုနစ်သောင်းတန် ရုပ်မြင်သံကြားဖမ်းစက်တစ်လုံးကို စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းသည်။ **(၄၆၅)**

မြို့နယ်သတင်းများ

မီးသတိပြု

ပန်းအလှပင်နှင့် အရိပ်ရပင်များ ပျိုးထောင်စိုက်ပျိုး

မြစ်ကြီးနား မေ ၁

ဆင်ဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ဖေဖော်ဝါရီ ၂၀ ရက်က ရပ်ကွက်တွင်း လမ်းများ ဝဲ၊ ယာတစ်လျှောက်တွင် ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများ တူးဖော်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။ ထို့အတူ ဆွမ်ပရာဘွမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့တွင်း သန့်ရှင်းသာယာလှပရေးအတွက် ဖေဖော်ဝါရီ ၂၆ ရက်က ဝန်ထမ်းများ စုပေါင်း၍ လမ်းဘေးဝဲ၊ ယာတစ်လျှောက် ချုံနွယ်များ ရှင်းလင်းခြင်း၊ အရိပ်ရပင်များ စိုက်ပျိုးခဲ့ကြသည်။

ထို့ပြင် မချမ်းဘောမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့နေ ပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် မတ် ၁၀ ရက်က အဖွဲ့ဝန်ထမ်းများ စုပေါင်း၍ မြို့ရေစုကန်တွင် အမှိုက်များ ရှင်းလင်းခြင်း၊ ရေမှော်များဆယ်ယူခြင်း၊ ဆေးခတ်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ အလားတူ ပန်နန်းဒင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သန့်ရှင်းသာယာလှပရေးအတွက် ပန်းအလှပင်နှင့် အရိပ်ရပင်များ ပျိုးထောင်စိုက်ပျိုးလျက်ရှိရာ မိုးရာသီတွင် မြေချစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

သောက်သုံးရေရရှိရေး ဆောင်ရွက်

မကွေး မေ ၁

မကွေးတိုင်း ပေါက်မြို့နယ်၌ ကျေးလက်ဒေသသန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် မတ် ၁၂ရက်က လင်းတောင်ကျေးရွာတွင် စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်) ရေတိုင်းတာရေးအဖွဲ့ ဦးစီးအရာရှိ ဦးအေးကျော်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးထွန်းစိုးနှင့် ဝန်ထမ်းများသည် မြေအောက်ရေ တိုင်းတာရေး လုပ်ငန်းများအား စမ်းသပ်ဆောင်ရွက်ကြသည်။

(နယ်စပ်စည်ပင်)

ဘိုကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၅-၂၀၀၆ ခု ဘဏ္ဍာရေးနှစ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် မြို့ပြလမ်းများ ကတ္တရာခင်းရန်အတွက် ကျောက်များကြိုတင် စုဆောင်းထားမှုကို ဧပြီ ၂၆ရက်က လုပ်ငန်းခွင်တွင် တွေ့ရစဉ်။

(မြို့နယ်စည်ပင်)

ကျေးလက် တစ်ခွင် ဖွံ့ဖြိုး စည်ပင်



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ
ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

ရန်ကုန် မေ ၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာထရန်ဗန်တန်သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်သို့သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာထရန်ဗန်တန်အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံစဉ်။
(အပေါ်ပုံ) (သတင်းစဉ်)

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးကျော်သူနှင့် ဦးမောင်မြင့်၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

လူငယ်လေ့လာရေးအဖွဲ့ဝင်များ တောင်ကြီးမြို့တွင် လေ့လာ

ရန်ကုန် မေ ၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်လူငယ်များ အပြန်အလှန် လေ့လာရေးနှင့် အတွေ့အကြုံဖလှယ်ရေး အစီအစဉ်အရ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် ပင်းတယမြို့နယ်သို့ ရောက်ရှိနေသော ပြည်နယ်နှင့်တိုင်း အသီးသီးမှ လူငယ်လေ့လာရေးအဖွဲ့ဝင်များသည် မေ ၃ ရက် နံနက်ပိုင်းတွင် Home Stay မိဘများ၏ နေအိမ်များမှ မြို့နယ်အသင်းရုံးသို့ရောက်ရှိပြီး မြို့နယ်အသင်းရုံးရှေ့၌ မြို့နယ်အဆင့်တာဝန်ရှိသူများ၊ အသင်းဝင်များ၊ Home Stay မိဘများက ဒေသထွက်ပစ္စည်းများကို လက်ဆောင် ပေးအပ်နှုတ်ဆက်ကြသည်။

ထို့နောက် လူငယ်လေ့လာရေးအဖွဲ့ဝင်များအား တောင်ကြီးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးမိုးစည်သူ ဦးဆောင်၍ အောင်ပန်း၊ ဟဲဟိုး၊ ရွှေညောင်မြို့များကို ဖြတ်သန်း၍

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✧

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လူငယ်များ အပြန်အလှန်လေ့လာရေးနှင့် အတွေ့အကြုံဖလှယ်ရေး အစီအစဉ်အရ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့သို့ လေ့လာရေးခရီးရောက်ရှိနေသည့် ပြည်နယ်နှင့် တိုင်းများမှ လူငယ်ကိုယ်စားလှယ်အဖွဲ့ဝင်များ တောင်ကြီးမြို့နယ် အေးသာယာစက်မှုဇုန်ရှိ အဆောက်အအုံပုံစံငယ်များကို ကြည့်ရှုလေ့လာကြစဉ်။
(သတင်းစဉ်)

အချိန်အခါမဟုတ် မိုးထစ်ချုန်းရွာနိုင်

ရန်ကုန် မေ ၆

ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ထွန်းနေသော တိမ်တိုက်များ အရှေ့မြောက်ဘက်သို့ ရွေ့လျားလာမှုကြောင့် ယနေ့ မွန်းလွဲမှ နောက် ၄၈ နာရီ အတွင်း ရခိုင်ပြည်နယ် တောင်ပိုင်း၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းတောင်ပိုင်းတို့တွင် နေရာကျဲကျဲမှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတိပေးချက် ထုတ်ပြန်ထားသည်။